ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၈ ရက်၊ စနေနေ့၊ (3-6-2006) (၄၉၇၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Pehin Datu Inderasugara Brig-Gen (B) Dato Paduka Haji MohdYusuf bin Abu Bakar **သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမသို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။**

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E.Pehin Datu Inderasugara Brig-Gen (B) Dato Paduka Haji Mohd Yusuf bin Abu Bakar က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဘရူနိုင်း ဒါရုဆလမ်နိုင်ငံ သံအမတ်ကြီး H.E. Pehin Datu Inderasugara Brig-Gen (B) Dato Paduka Haji Mohd Yusuf bin Abu Bakar အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၃-၆-၂၀၀၆
(စနေနေ့)

စာပေစွမ်းအားဖြင့် ပြည်သူ့အကျိုးသယ်ပိုး

စာပေဟူသည် နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကို ဖော်ဆောင်နိုင်သော ရတနာတစ်ခုဖြစ်သည်။ ထို့အပြင် စာပေသည် လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုမဏ္ဍိုင်လည်းဖြစ်သည်။ စာပေမြင့်မှ လူမျိုးတင့်မည်ဟူ သည့် စကားရပ်နှင့်အညီ စာပေနှင့် ယဉ်ကျေးမှုသည် သက်ဆိုင်ရာနိုင်ငံနှင့် လူမျိုး၏ အဆင့်အတန်းကို ဖော်ညွှန်းပြသနေပေသည်။

စာပေပညာရှင်ကြီးများသည် မြန်မာ့သမိုင်းစဉ်တစ်လျှောက်တွင် မြန်မာစာပေအမွေအနှစ်များကို ဆက်ခံထိန်းသိမ်းပြုစုရင်း မြန်မာစာပေ ထွန်းကားပြန့်ပွားရေး တာဝန်များကို ထမ်းဆောင်ခဲ့ကြသည်။ မျက်မှောက်ခေတ် စာပေပညာရှင်များက မြန်မာစာပေ ရေသောက်မြစ် ပင်စည်နှင့် အကိုင်းအခက်အလက် အပွင့်အသီးများ စည်ပင်ဖွံ့ထွားလာရေး ဆက်လက် အားထုတ်ကြရဦးမည်။ မြန်မာစာပေ၏ အစဉ်အလာကောင်းများနှင့်အညီ ပြည်သူအားလုံးစာပေမှတစ်ဆင့် ရရှိသည့် ကောင်းမြတ်သည့် စိတ်ဓာတ်ရေးရာ အခြေခံကောင်းများ ရှင်သန်ဖြစ်ထွန်းနေရန် ဆက်လက်ကြိုးပမ်းကြရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကိုလိုနီလက်သစ်နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအား စီးပွားရေးအရ လက်ဝါးကြီးအုပ်ရန် ရည်ရွယ်လုပ်ဆောင်နေကြသည်။ လူမှုရေးအရ လွှမ်းမိုးနိုင်ရန် နည်းလမ်းအမျိုးမျိုးအသုံးပြု၍ ၎င်းတို့လိုလားသော အုပ်ချုပ်ရေးပုံစံ၊ အနောက်တိုင်းယဉ်ကျေးမှုဓလေ့စရိုက်များ ပျံ့နှံ့စိမ့်ဝင်လာစေရန် ကြံစည်လုပ်ဆောင်လျက်ရှိကြောင်း တွေ့မြင်နေရသည်။

ထို့ကြောင့် စာပေပညာရှင်များအပိုင်းက ပြည်သူများ ခေတ်နှင့်တစ်ပြေးညီ အသိအမြင်ပွင့်လင်းစေရန်၊ နိုင်ငံတကာ အခြေအနေမှန်ကို မျက်ခြည်မပြတ်လေ့လာသုံးသပ်နိုင်ရန် စာပေစွမ်းပကားဖြင့် အကျိုးဆောင်ပေးရန် တာဝန် ရှိပေသည်။

တစ်နည်းအားဖြင့် ပြည်သူတစ်ရပ်လုံး အတွေးအမြင်ကိုယ်ခံအားကောင်းလာစေရေး၊ အတွေ့အကြုံရင့်ကျက်လာ စေရေး၊ မျိုးချစ်စိတ်ဓာတ်ထက်သန်လာစေရေး ညွှန်ပြရေးသားကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် ပြည်တွင်း၊ ပြည်ပအဖျက်သမားများ၏ သွေးထိုးလုပ်ကြံဖန်တီးနှောင့်ယှက်မှုများ၊ မသမာသူတို့၏ လိမ်လည်ကောက်ကျစ်လှည့်ဖြားမှုများကို သိမြင်လာစေရန် စာပေလက်နက်ဖြင့် တုံ့ပြန်ရေးသားတင်ပြကြရမည်ဖြစ်သည်။

စာပေသည် အမျိုးသားရေးစိတ်ဓာတ် တည်ဆောက်ရာ၌ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် လွှမ်းခြုံဆက်စပ်လှုံ့ဆော် မြှင့်တင်နိုင်သည့် စွမ်းအားရှိသည်။ မြန်မာနိုင်ငံ ခေတ်အဆက်ဆက်၌ အမျိုးသားရေးလှုပ်ရှားမှုများတွင် စာပေပညာရှင်များ ရှေ့တန်းကပါဝင်ခဲ့ကြသည်။

စာပေပညာရှင်များသည် ခေတ်မီအတွေးအခေါ်၊ နည်းပညာရပ်များကို လေ့လာဆည်းပူးပြီး ပြည်သူများအား အသိအမြင်ဗဟုသုတပိုမို တိုးပွားစေရေး လက်ဆင့်ကမ်းဖြန့်ဝေ အသိပညာပေးနေသူများဖြစ်သည်။ ဂုဏ်သိက္ခာမြင့်မားသည့် မြန်မာ့ကျင့်ဝတ်စည်းကမ်း၊ မြန်မာ့စိတ်ထားနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းပြီး စာပေစွမ်းအားဖြင့် ပြည်သူ့အကျိုး ထာဝစဉ်သယ်ပိုးဆောင်ရွက်သွားနိုင်ကြမည်ဟု သုံးသပ်မိပါသည်။ ။

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသော ငှက်ဖျားနှင့် သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးအတွက် ဆေးစိမ်ခြင်ထောင်များပေးအပ်ပွဲကို မေ၃၀ရက်က သဃ်န်းကျွန်းမြို့နယ် အထက(၁)ကျောင်း၌ကျင်းပရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် ကလေးမိခင်များအား ဆေးစိမ်ခြင်ထောင်ပေးအပ်စဉ်။ (၅၀၆)

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဲဖြူတောရရိပ်သာ လစဉ် ၁၀ရက်တရားစခန်း

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သဲဖြူကျေးရွာရှိ သဲဖြူတောရမွေ့ရိပ်သာတွင် လစဉ်၁၀ရက် တရားစခန်းကို ဇွန် ၉ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ရာ တရားစခန်းဝင်လိုသူများ ဖုန်း-၆၆၂၈၃၆၊ ၆၆၆၁၆၃ နှင့် ၆၆၇၇၁၆ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်သည်။

သံဃာတော်များနှင့် သီလရှင်များလည်း တရားအားထုတ်နိုင်ပြီး စုရပ်ဖြစ်သည့် အရှေ့ကြို့ကုန်း စွန်းလွန်းဂူကျောင်းတိုက်သို့ ဇွန် ၉ရက် မွန်းလွဲ ၁နာရီခွဲအရောက်လာကြရန် နှိုးဆော်ထားသည်။ (က-ပ)

ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်နိုင်ပြီ မွေးမြူရေးလုပ်ငန်းများ ပြန်လည်စတင်နိုင်ရန်ပံ့ပိုးကူညီမည်

ရန်ကုန် ဇွန် ၂

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွန့်နှင့် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၉ ရက်တွင် မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူးရုံးသို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် (မန္တလေးတိုင်း)မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးမှု ထိန်းချုပ်နိုင်ပြီ ဖြစ်သော်လည်း နောက်ထပ်မဖြစ်ပွားလာမှုမရှိအောင် သတိဝီရိယရှိစွာဖြင့် မျက်ခြည်မပြတ် စောင့်ကြည့်သွားရန်လိုကြောင်း၊ မွေးမြူရေးလုပ်ငန်းရှင်များ လုပ်ငန်းပြန်လည်စတင်နိုင်အောင် လိုအပ်သည့် ကြက်သားပေါက်၊ နည်းပညာ၊ ကာကွယ်ကုသမှုများကို ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် ကူမဲမြို့ရှိ ကူမဲငါးမွေးမြူရေးစခန်းသို့ရောက်ရှိ၍ ပိုက်လှောင်အိမ်စနစ်ဖြင့် တီလားပီးယားငါးမွေးမြူရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ယခုကဲ့သို့လှောင်အိမ်စနစ်ဖြင့် ဆည်များ၊ ချောင်းများအတွင်း မွေးမြူရေး စီစဉ်ဆောင်ရွက်နေမှု၊ ငါးသားပေါက်များ အလုံအလောက်ရရှိနေမှုများကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက လှူဒါန်းသည့် ကျောင်းသုံးဗလာစာအုပ်များကို အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ်ရှိ တပ်တွင်းမူလတန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား ပေးအပ်စဉ်။ (သတင်းစဉ်)

ကျောင်းလုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ကျောင်းလုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားကို မေ ၂၉ ရက် မွန်းလွဲ ၂နာရီတွင် အဆိုပါတပ်မဌာနချုပ်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေသည်တပ်တွင်းမူလတန်းကျောင်းသို့ သွားရောက်၍ ကျောင်းအပ်နှံပြီးသည့် ကျောင်းသား၊ ကျောင်းသူများအား လိုက်လံတွေ့ဆုံနှုတ်ဆက်အားပေးသည်။

ထို့နောက် ကျောင်းခန်းမ၌ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက ရန်ကုန်တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လှူဒါန်းသည့် ကျောင်းသုံး ဗလာစာအုပ်ဒါဇင် ၁၄၀ကို ကျောင်းသားကျောင်းသူများအား ပေးအပ်သည်။ ယင်းနောက် ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တပ်မဌာနချုပ်၏ မူလတန်းကြိုကျောင်းသို့ သွားရောက်၍ ကျောင်းအတွင်း လှည့်လည် ကြည့်ရှုခဲ့သည်။ (သတင်းစဉ်)

မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

ရန်ကုန် ဇွန် ၂

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် မီးသတ်ဦးစီးဌာန ရုံးချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက အမှာစကားပြောကြားပြီး ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ပြည်နယ်၊ တိုင်းဦးစီးဌာနမှူးများက မိမိတို့သင်တန်းကျောင်းနှင့် ပြည်နယ်၊ တိုင်း အလိုက် ဆောင်ရွက်ချက်များ၊ စီမံချက်များနှင့်အညီ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအပေါ် လက်တွေ့ဆောင်ရွက်ရာတွင် တွေ့ကြုံရမည့် အားနည်းချက်၊ အားသာချက်များ၊ အခက်အခဲများကို တင်ပြဆွေးနွေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က ပညာသင်စရိတ်နှင့် ဗလာစာအုပ်များထောက်ပံ့ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်က တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းမိသားစုများ၏ သားသမီးများအား ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲက ဗလာစာအုပ်များထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဌာနချုပ် စုစည်းခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ကိုယ်စား ရဲရေးချုပ် ရဲမှူးချုပ်စိုးဝင်းမြင့်က အမှာစကားပြောကြားပြီး တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းမိသားစုများ၏ သားသမီး ၈၀၁ ဦးတို့အတွက် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၆၈၉၁၀၀၀ ကို ကိုယ်စားလှယ်များသို့လည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းခွဲဥက္ကဋ္ဌ ရဲချုပ်၏ ဇနီး ဒေါ်ခင်မေစိုးက တန်ဖိုးငွေကျပ် ၁၂၆၄၂၀၀ ရှိ ကျောင်းသုံးဗလာစာအုပ်များကို အသင်းခွဲ အတွင်းရေးမှူးသို့လည်းကောင်း ပေးအပ်ကြသည်။ (သတင်းစဉ်)

ရန်ကုန်မြို့ လှိုင်မြို့နယ် ပါရမီလမ်းနေ ဒေါ်ပြုံးကြည်၏ မွေးနေ့အထိမ်းအမှတ် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူးဦးမောင်မောင်ကြီးထံပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

အပြုနှင့်အဖျက်၊ တည်ဆောက်ခြင်းနှင့် ပိတ်ဆို့ဟန့်တားနှောင့်ယှက်ခြင်း

အတိတ်အကြောင်းကို ပြန်ပြောင်းကြည့်သော် ကိုလိုနီနယ်ချဲ့၏ သွေးခွဲအုပ်ချုပ်သွားမှုအရလည်းကောင်း၊ ပါတီဝါဒစွဲများအရလည်းကောင်း လွတ်လပ်ရေးနှင့်အတူ သောင်းကျန်းသူမျိုးစုံတို့ပါ ပါရှိလာခဲ့သည်ကို တွေ့ရပါမည်။

ထိုအချိန်က မြန်မာနိုင်ငံတစ်ဝန်း နယ်စပ်ဒေသများနှင့် ပြည်တွင်း နယ်မြေဒေသအချို့တွင်ပါ သောင်းကျန်းမှုများရှိနေခဲ့သဖြင့် တည်ငြိမ် အေးချမ်းလုံခြုံမှု အားနည်းခဲ့ပါသည်။ ထိုအကျိုးဆက်ကြောင့် အစိုးရ အဆက်ဆက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိထိရောက်ရောက် မဆောင်ရွက်နိုင်ခဲ့သည့်အပြင် အစိုးရက တည်ဆောက်၊ သောင်းကျန်း သူက ဖျက်ဆီးနှင့် ဖွံ့ဖြိုးတိုးတက်မှုတွင် အဟန့်အတား အနှောင့်အယှက် များ ဖြစ်ပေါ်ခဲ့ရသည်။ နိုင်ငံတော်လည်း အဘက်ဘက်က ခေတ်နောက် ကျကျန်ခဲ့ရသည်ကို တွေ့ရှိရပါသည်။

ပြုသူက ပြုနေပြီး ဖျက်သူကဖျက်နေမည်။ တည်ဆောက်သူက တည်ဆောက်နေပြီး ပိတ်ဆို့ဟန့်တားနှောင့်ယှက်သူက နှောင့်ယှက် ဖျက်ဆီးနေမည်ဆိုပါလျှင် ဖွံ့ဖြိုးတိုးတက်မှုအား အတိုင်းအတာတစ်ခု အထိ ထိခိုက်နစ်နာနေမည်မှာ အမှန်ပါ။

ယနေ့ သမိုင်းပေးတာဝန်အရ နိုင်ငံတော်၏ တာဝန်ကို ရယူ ထားရသော တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၁၇)ဖွဲ့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ပြီး ငြိမ်းချမ်းရေး ရယူထားနိုင်ခဲ့သဖြင့် နယ်စပ်ဒေသများအပါအဝင် နယ်မြေဒေသ အများ အပြား၌ တည်ငြိမ်အေးချမ်းမှု ရရှိလာခဲ့သည်နှင့်အညီ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် မျက်ဝါးထင်ထင် အောင်မြင် အောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့နိုင်ပေသည်။ ထိုသို့အောင်မြင် အောင် အကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့ခြင်းသည် လွယ်လွယ် ကူကူ ရရှိခဲ့သော အောင်မြင်မှုမဟုတ်ဘဲ အနှောင့်အယှက် အဟန့်အတား ဖျက်ဆီးပိတ်ဆို့မှုများကြားမှ အားကြိုးမာန်တက် ဆောင်ရွက်နိုင်မှုကြောင့် ဖြစ်သည်။

ကိုလိုနီလက်သစ် ဆရာကြီးများ၏ ဩဝါဒအတိုင်း နိုင်ငံရေး ပါတီများ၊ ပြည်ပြေးများနှင့် လက်ကျန်သောင်းကျန်းသူများသည် အတိုင် အဖောက်ညီညီနှင့် ပူးပေါင်း၍ နည်းမျိုးစုံအသုံးပြုကာ နိုင်ငံတော်နှင့် ပြည်သူလူထု ဘေးကျပ်နံကျပ်တွေ့အောင်၊ ဆင်းရဲကျပ်တည်းအောင် တစိုက်မတ်မတ် လုပ်ဆောင်နေသည့်ကြားမှ ယခုလို နိုင်ငံတော် ဖွံ့ဖြိုး တိုးတက်ရေးအတွက် လိုအပ်သော အခြေခံအဆောက်အအုံများ ပြည့်စုံလု နီးပါးမျှ မျက်ဝါးထင်ထင် အောင်မြင်အောင် ဘက်စုံတည်ဆောက် နိုင်ခဲ့ခြင်း ဖြစ်ပေသည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်အပေါ် အခြေခံသော စည်းလုံး ညီညွတ်မှုစွမ်းအားဖြင့် တည်ဆောက်နိုင်မှုကြောင့် ယခုကဲ့သို့ အောင်မြင် ခဲ့ရခြင်း ဖြစ်ပါသည်။

အကယ်၍သာ ယခုကဲ့သို့ နှောင့်ယှက်ဟန့်တားပိတ်ဆို့မှုများမရှိ ပါက ယနေ့ရရှိနေသော အောင်မြင်မှုထက် အဆများစွာ တိုးတက် အောင်မြင် ဖြစ်ထွန်းနေမည်သာ ဖြစ်ပါသည်။ ဒီမိုကရေစီ နိုင်ငံတော် အဖြစ် မလွဲမသွေ ရောက်ရှိနေလောက်ပြီလည်း ဖြစ်ပေမည်။

ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ရှေ့တန်းတင် ဗန်းပြကာ နိုင်ငံတော်၏ ပြည်တွင်းရေးကို ပေါ်ပေါ်ထင်ထင်ဖြင့် ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများသည် အမှန်စင်စစ် မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေးထက် ၎င်းတို့၏ အကျိုးစီးပွားအတွက် ၎င်းတို့ ခြယ်လှယ်နိုင်မည့် ရုပ်သေးများအာဏာရရှိရေးကို အဓိကထား လုပ်ဆောင် နေကြခြင်းသာဖြစ်ကြောင်း ကြည့်တတ်သူတိုင်း မြင်နိုင်ကြပါသည်။ (၅၄)သန်းကျော်သော မြန်မာပြည်သူတို့၏ အကျိုးစီးပွားထက် ၎င်းတို့ လိုသလို အသုံးပြုနိုင်မည့် ဩဇာခံတပည့်တစ်ဦး အာဏာရရှိရေးအတွက် ကိုသာ ဦးစားပေးလုပ်ဆောင်နေကြသည်ကို တွေ့မြင်ရမှာ ဖြစ်ပါသည်။

ထိုနိုင်ငံကြီးအနေဖြင့် နိုင်ငံတကာတွင် လိုတစ်မျိုး မလိုတစ်မျိုး စံနှုန်းနှစ်ခုကို အမြဲလိုလို ထားရှိကျင့်သုံးနေလျက်ရှိသည်ကိုလည်း မြင်တွေ့ ကြရပါသည်။ သူ့နိုင်ငံ အကျိုးစီးပွားအတွက် မိတ်ဆွေနိုင်ငံပင်ဖြစ်ပါစေ ကိုယ်ကျိုးကြည့် မူဝါဒကိုသာ ချမှတ်လုပ်ဆောင်ကျင့်သုံးလျက်ရှိပါသည်။ သူ့နိုင်ငံ အကျိုးစီးပွားအတွက် ယခုကဲ့သို့ မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သည့်အနေဖြင့် ပြည်ပဩဇာခံ တပည့် များကို အဘက်ဘက်က ကူညီထောက်ပံ့ပေးကမ်း ညွှန်ကြားနေခြင်းသာ ဖြစ်ပါသည်။ ဩဇာခံတပည့်များ၏ တောင်းဆိုချက်အတိုင်း မြန်မာနိုင်ငံ အပေါ် စီးပွားရေးအရ ပိတ်ဆို့၊ ကုန်သွယ်ရေးအရ ပိတ်ဆို့၊ ရင်းနှီး မြှုပ်နှံမှုအရ ပိတ်ဆို့၊ ခရီးသွားများ မလာရောက်ရေးအတွက် ပိတ်ဆို့ ထားသည့်အပြင် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဒေသအရေးဖြစ်အောင်၊ ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် တရားဝင်ဆွေးနွေးခွင့်ရအောင် အဘက်ဘက်က ဖိအားပေး တောင်းဆိုနေသည်ကို မြင်တွေ့နိုင်ပါ သည်။

ထွန်းဟန်ဆွေ

ထိုသို့ လုပ်ဆောင်နေခြင်းသည် ဩဇာခံတပည့် အာဏာရ ရေးမှသည် သူ့နိုင်ငံ၏ အကျိုးစီးပွားအတွက် ပထဝီဝင် နိုင်ငံရေးအရ အချက်အချာ ကျသော မြန်မာနိုင်ငံအား စိတ်ကြိုက်ခြယ်လှယ် အသုံးချနိုင်အောင်ဆိုသည့် ရည်ရွယ်ချက်မှတစ်ပါး အခြားမရှိပါပေ။ မြန်မာနိုင်ငံ ဒီမိုကရေစီရအောင်၊ လူ့အခွင့်အရေး အပြည့်အဝရရှိအောင်ဆိုသည့် စကားလုံးလှလှဖြင့် ဖုံးအုပ် ထားသော ကိုလိုနီနယ်ချဲ့လက်သစ်၏ ရည်မှန်းချက်အမှန်မှာ အချက်အချာ နေရာကျသည့် မြန်မာနိုင်ငံကို စိုးမိုးခြယ်လှယ်ထားနိုင်ခြင်းဖြင့် နောင်တွင် မလွဲမသွေ အင်အားကြီးမားလာမည့် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော နိုင်ငံကြီးနှစ်နိုင်ငံကို ထိန်းချုပ်နိုင်ရေးပင် ဖြစ်ပါသည်။

"ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများကို ဆန့်ကျင်ကြ" ဆိုသည့် ပြည်သူ့ဆန္ဒသည် လက်ရှိအမှန်တကယ် ပကတိရှိနေသော ပြည်ပဩဇာခံ အဖျက်သမားများကို ဦးတည်ထားခြင်းဖြစ်ပါသည်။ ပြည်တွင်းအားကို အခြေမခံဘဲ ပြည်ပကိုသာအားကိုးပြီး အာဏာရယူ ရေးကို တစိုက်မတ်မတ်လုပ်ဆောင်နေသော၊ ဘယ်သူသေသေ ငတေမာရင် ပြီးရောဆိုသည့် ထုံးကိုနှလုံးမူစွဲပိုက်ကာ အဖျက်အမှောင့် လုပ်ရပ်များ ကိုသာ အစဉ်အမြဲ ကြံဆတွေးတော လုပ်ကိုင်နေကြသည့် နိုင်ငံရေးပါတီ များကို သတိပေးထားခြင်း ဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

၂၀၀၆ခုနှစ် သတင်းစာရှင်းလင်းပွဲများတွင် သက်သေအထောက် အထားများဖြင့် ရှင်းလင်းသွားချက်များအရ မြေပေါ် မြေအောက် ပြည်ပြေးများ သုံးဖက်သုံးတန်မှ ဟန်ချက်ညီညီ အဖျက်အမှောင့် လုပ်ငန်းများ၊ အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်နေကြသည်မှာ ပေါ်လွင်ထင်ရှား ပါပေသည်။

၂၀၀၆ခုနှစ် မတ်လတစ်လတည်းမှာပင် သံတမန်ကျင့်ဝတ်နှင့် မညီသော အနောက်နိုင်ငံကြီးအချို့မှ သံတမန်ဆိုသူများသည် NLD ပါတီဌာနချုပ်သို့ (၅၁)ကြိမ်တိုင်တိုင် ဝင်ထွက်သွားလာပြီး ညှိနှိုင်း ဆွေးနွေးကြကြောင်း၊ နည်းပေးလမ်းပြလုပ်ခဲ့ကြောင်း သိရပါသည်။

၂၀၀၆ခုနှစ် မေလ၉ရက်နေ့ သတင်းစာပါ သတင်းများအရလည်း ဗြိတိန်နှင့်အမေရိကန် သံရုံးများအနေဖြင့် သံတမန်ကျင့်ဝတ်များကို ဖောက်ဖျက်ကာ NLD နှင့်ပူးပေါင်း၍ သင်တန်းများ ဖွင့်လှစ်လျက် ရှိကြောင်း၊ လူငယ်စာနယ်ဇင်းသမားများကို ၎င်းတို့စိတ်ကြိုက် အရောင် ဆိုးနိုင်ရန် ဖွင့်သည့်သင်တန်းများဖြစ်ကြောင်း၊ NLD ပါတီဝင်များ အတွက် အခမဲ့တက်ရောက်နိုင်ပြီး သာမန်အရပ်သားများ တက်ရောက် ပါက ဝင်ခွင့်စာမေးပွဲအောင်မြင်မှ တက်ရောက်ခွင့်ရှိကြောင်း၊ သင်တန်း ကြေးအဖြစ် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ခန့် ပေးရကြောင်း သိရပါသည်။

NLD ၏ သမိုင်းကြောင်း လုပ်ရပ်များကို ပြန်ပြောင်းလေ့လာ ကြည့်မည်ဆိုပါက ၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို တရားသေ ဆုပ်ကိုင်ထားပြီး အာဏာရရှိရေးအတွက်ကိုသာ တစိုက်မတ်မတ် လုပ်ဆောင်နေကြပါသည်။ ၎င်းတို့အစိုးရဖြစ်မလာမချင်း အထောက် အကူများမပေးကြပါနှင့်၊ ရင်းနှီးမြှုပ်နှံမှုများ မလုပ်ကြပါနှင့်၊ ခရီးသွားများ မလာကြပါနှင့်၊ စီးပွားရေးနှင့်ကုန်သွယ်ရေးများ ပိတ်ပင်ထားကြပါ စသည်ဖြင့် မြန်မာပြည်သူများ ဆင်းရဲမွဲတေနေအောင်၊ နိုင်ငံတော် အစိုးရ အခက်အခဲ အကျပ်အတည်းဖြစ်အောင် တောင်းဆိုလုပ်ဆောင် ခဲ့သည်ကို တွေ့ရပါသည်။ ယခုထက်တိုင်ပင် ထိုမူဝါဒအတိုင်း ကျင့်သုံး နေဆဲဖြစ်သည်ကို တွေ့ရှိနိုင်ပါသည်။

NLD အနေဖြင့် ပြည်ပအားကိုး ပုဆိန်ရိုးအလုပ်ကိုသာ လုပ်ကိုင် နေလျက်ရှိသည်ကို ထင်ရှားစွာ မြင်နိုင်ပါသည်။ မိမိအာဏာရဖို့၊ မိမိပါတီ အာဏာရဖို့အတွက် နိုင်ငံတော်နှင့် ပြည်သူတွေ ဘယ်လိုပင် ဘေးဒုက္ခဆိုးကျိုးများနှင့် ကြုံတွေ့ခံစားရပါစေ တောင်းပွဲတိုက်ပွဲ အပါအဝင် အဖျက်အမှောင့်လုပ်ရပ်များနှင့် ပြည်တွင်း၌ မငြိမ်မသက် ဖြစ်အောင်၊ ပြည်ပမှ အမျိုးမျိုး ဖိအားပေးဟန့်တားပိတ်ဆို့ နှောင့်ယှက် အောင် ဦးတည်ဆောင်ရွက်နေသည်မှာ (၁၈)နှစ်ခန့်ပင် ရှိနေပေပြီ။ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ကိုင်ဆောင်ရွက်မှု လုံးဝ မရှိဘဲ နိုင်ငံတော်အစိုးရ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင် နေမှုကိုပင် မအောင်မြင်ရလေအောင် ပြည်ပအားကိုး အမျိုးမျိုး နှောင့်ယှက် ဟန့်တား လုပ်ဆောင်နေခဲ့သည်၊ လုပ်ဆောင်လျက် ရှိနေသေးသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါသည်။

နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်က စည်းရုံးမှုစွမ်းအားဖြင့် တည်ဆောက်၊ NLD အပါအဝင် ပြည်တွင်းပြည်ပ အဖျက်သမား များက ပြည်ပအားကိုး ပုဆိန်ရိုးလုပ်ပြီး နှောင့်ယှက်ပိတ်ဆို့ ဟန့်တားမှု များကို တစိုက်မတ်မတ်လုပ်နေကြသည်မို့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက် ရေးတွင် အတိုင်းအတာတစ်ခုအထိ ထိခိုက်နစ်နာနေသည်မှာ ပကတိ အမှန်တရားပင် ဖြစ်ပါသည်။

ယခု အတောအတွင်း မြို့နယ်များစွာမှ NLD နှင့် NLD ပါတီ၏ လက်အောက်ခံ ပါတီတစ်ခုဖြစ်သော SNLD ပါတီဝင်များ သည် အမြင်မှန်များရရှိလာကြပြီး မြို့နယ်လုံးကျွတ် ပါတီဝင်အဖြစ်မှ နုတ်ထွက်နေကြသည်ကို သတင်းစာများတွင် ဖတ်ရှုရပါသည်။

အကြောင်းတရားကြောင့် အကျိုးဖြစ်ပေါ်လာရသည့် သဘောနှင့် အညီ NLD ၏ လုပ်ရပ်မှားများကြောင့် ယခုကဲ့သို့ ပါတီဝင်များ နုတ်ထွက်နေကြခြင်းဖြစ်ပေသည်။ NLD သည် ပြည်တွင်းအားကို အခြေမခံ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ဘာမျှ လုပ်ဆောင်မှုမရှိသည့်အပြင် ပြည်ပအားကိုးနှင့် အမျိုးမျိုးနှောင့်ယှက် ဟန့်တား ပိတ်ဆို့နေမှုကြောင့် တဖြည်းဖြည်း ပြည်သူလူထုနှင့် ကင်းကွာ လာသလို အဖျက်လုပ်ရပ်အမှားများ၏ တန်ပြန်အကျိုး သက်ရောက်မှု များသည် မလွဲမသွေ ဒုက္ခပေးလာနိုင်သည်ကို သတိမူပြီး ပါတီအကျိုး၊ လူတစ်ဦး၏အကျိုးထက် နိုင်ငံတော်အကျိုးကိုသာ အမြန်ဆုံး ပြုပြင် ပြောင်းလဲ လုပ်ဆောင်သင့်ပါပြီ။

ဓမ္မနှင့်အဓမ္မ၊ အပြုနှင့်အဖျက် နောက်ဆုံးတစ်နေ့တွင် ဓမ္မသမား၊ အပြုသမားများကသာ အောင်ပွဲခံရစမြဲဖြစ်သည်ကို သတိပြုကြစေ လိုပါသည်။ အမှားကိုပြင်၍ နိုင်ငံတော်၏ အကျိုးစီးပွားကိုသာ လက်တွေ့ကျကျ ရှေးရှုဦးတည်ပြီး တပ်မတော်အစိုးရနှင့် လက်တွဲကာ ရှေ့လုပ်ငန်းစဉ်(၇)ရပ်အတိုင်း အောင်မြင်အောင် ဆောင်ရွက်ကြပါ။ နိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာစေရန်၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး အမြန်ဆုံးပေါ်ထွန်းလာစေရန် ပူးပေါင်း ဆောင်ရွက်ကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။ ။

> ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို ရှေ့တန်းတင် ဗန်းပြကာ နိုင်ငံတော်၏ ပြည်တွင်းရေးကို ပေါ်ပေါ်ထင်ထင်ဖြင့် ဝင်ရောက်စွက်ဖက် နှောင့်ယှက်နေသည့် ပြည်ပနိုင်ငံကြီးများသည် အမှန်စင်စစ် မြန်မာနိုင်ငံ ဒီမိုကရေစီ ရရှိရေးထက် ၎င်းတို့၏ အကျိုးစီးပွားအတွက် ၎င်းတို့ ခြယ်လှယ်နိုင်မည့် ရုပ်သေးများအာဏာရရှိရေးကို အဓိကထား လုပ်ဆောင်နေကြခြင်းသာ ဖြစ်ကြောင်း ကြည့်တတ်သူတိုင်း မြင်နိုင်ကြပါသည်။ (၅၄)သန်းကျော်သော မြန်မာပြည်သူတို့၏ အကျိုးစီးပွားထက် ၎င်းတို့ လိုသလို အသုံးပြုနိုင်မည့် ဩဇာခံတပည့်တစ်ဦး အာဏာရရှိရေးအတွက်ကိုသာ ဦးစားပေး လုပ်ဆောင်နေကြသည်ကို တွေ့မြင်ရမှာဖြစ်။

အာဖဂန်နစ္စတန် လုံခြုံရေးအခြေအနေဆိုးရွား ဒတ်ချ်အကူအညီပေးရေးအဖွဲ့များ စိုးရိမ်ပူပန်

ဘရပ်ဆယ် ဇွန် ၁

ဒတ်ချ်အကူအညီပေးရေးအဖွဲ့အစည်းများသည် လုံခြုံရေးအန္တရာယ်များနှင့် ပတ်သက်၍ စိုးရိမ်မကင်း ဖြစ်မှုများကြောင့် အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းရှိ ဒတ်ချ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လိုခြင်း မရှိကြောင်း ဒီဖော့စကရန်သတင်းစာက အင်္ဂါနေ့တွင် ရေးသားဖော်ပြသည်။

အကူအညီပေး

အာဖဂန်နိုင်ငံတောင်ပိုင်း ဒေသ၏ လုံခြုံရေးအခြေအနေသည် အလွန်ဆိုးရွားနေသဖြင့် ဒတ်ချ်အကူအညီပေးရေးအဖွဲ့အနေဖြင့် ဒတ်ချ်တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းဆောင်ရွက်လိုစိတ် မရှိကြောင်း ကော့ဒ်အိဒ်အမည်ရှိ ပရဟိတအဖွဲ့အစည်းအကြီးအကဲ ရီနဲဂရော့တင်ဟွစ်၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ရေးသားသည်။

အလွန်အန္တရာယ်ရှိ

ဒတ်ချ် တပ်ဖွဲ့ဝင်များနှင့် ဆက်သွယ်ပူးပေါင်းပါက ပိုမိုအန္တရာယ် ရှိနိုင်ကြောင်း၊ အာဖဂန်၏ လုံခြုံရေးအခြေအနေသည် အလွန်အန္တရာယ်ရှိသည်ဟု မိမိတို့၏ ဒေသခံ မိတ်ဖက်အဖွဲ့များထံမှ သတင်းကြားသိရကြောင်း ဒတ်ချ်အကူအညီပေးရေးအဖွဲ့ဖြစ်သည့် နိုဗစ်ကော့ဒ်အိဒ်၊ အိုင်စီစီအိုနှင့် ဟဲလ်နက်စသည့် အဖွဲ့များက ပြောကြားကြသည်။

ပိုမိုများလာ

ဒတ်ချ်စစ်ဘက်မှ တပ်ဖွဲ့ဝင်များ ဥရုဇဂန်ပြည်နယ်သို့ ရောက်ရှိလာမှုကြောင့် မိမိတို့ လုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် ပိုမိုအခက်အခဲဖြစ်စေကြောင်း၊ ပြည်ပတပ်ဖွဲ့ဝင်များ ရောက်ရှိလာမှုကြောင့် လူထုအတွင်း ဆန့်ကျင်မှုများ ပိုမိုများလာကြောင်း စသည်ဖြင့် ဥရုဇဂန်ပြည်နယ်တွင် ငှက်ဖျားအစီအစဉ် ဆောင်ရွက်နေသူ ဟဲလ်နက်အဖွဲ့ ညွှန်ကြားရေးမှူး ဝီလ်ဗန်ဒီပွတ်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဟောင်ကောင်၌ နှစ်စဉ်ကျင်းပသည့် နဂါးလှေပြိုင်ပွဲ ယှဉ်ပြိုင်နေသည်ကို ဇွန် ၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အင်ဒိုနီးရှားငလျင် အိမ်ခြေတစ်သိန်းကျော် ပျက်စီးခဲ့ရ ဂျော့ဂျ်ဂျကာတာဒေသ ခရီးသွားလုပ်ငန်းထိခိုက်

ဂျကာတာ ဇွန် ၁

အင်ဒိုနီးရှားနိုင်ငံတွင် အင်အား ၆ ဒသမ ၂ ရှိ မြေငလျင် လှုပ်ရှားမှုကြောင့် ပြည်သူ ၅၄၀၀ ကျော် သေဆုံးပြီး အိမ်ခြေ ၁၀၀၀၀၀ ကျော်၊ ရှေးဟောင်း ဘုရားကျောင်းများနှင့် ခရီးသွား လုပ်ငန်းနေရာများ ပျက်စီးကြောင်း၊ ထို့အပြင် အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အရှေ့ဘက် ကီလိုမီတာ ၄၄၀ အကွာရှိ ဂျော့ဂျ်ဂျကာတာဒေသမှ ခရီးသွားလုပ်ငန်းမှာလည်း ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ငလျင်လှုပ်မှုကြောင့်အိမ်ခြေစုစုပေါင်း ၁၁၆၀၄၆ လုံး ပျက်စီးပြီး ဒဏ်ရာရရှိသူ စုစုပေါင်း ၁၆၅၄၇ ဦး ရှိကြောင်း ဂျော့ဂျ်ဂျကာတာရှိ ဘေးအန္တရာယ်ကယ်ဆယ်ရေးသတင်းဌာနက မေ ၃၀ ရက်တွင် ထုတ်ပြန်ပြောကြားသည်။

ငလျင်လှုပ်မှုကြောင့် ဈေး၊ ပလာဇာ၊ ဟိုတယ်နှင့် ဂျော့ဂျ်ဂျကာတာ၏ သမိုင်းဝင်နေရာ၊ ဘုရားကျောင်းများနှင့် အမှတ်တရပစ္စည်း ရောင်းချရာနေရာများလည်း ပျက်စီးခဲ့သည်။

အထူးသဖြင့် ခရီးသွားဧည့်သည်များ သွားလာသော ဘာလီကျွန်းအပြင် ဂျော့ဂျ်ဂျကာတာ ဒေသသို့လည်း သွားလာမှုများရှိကြောင်း၊ ငလျင်လှုပ်မှုကြောင့် ဂျော့ဂျ်ဂျကာတာ ဒေသတွင် ထိခိုက်ပျက်စီးမှုများရှိကြောင်း ဂျာဗားပြည်နယ်အရှေ့ဘက် ဆူရာဘာယာ ဒေသ ခရီးသွားလာရေးဌာန ဒုတိယဥက္ကဋ္ဌဘာဂတ်စ်ဆူဒီဘယာ၏ ပြောကြားချက်ကိုကိုးကား၍ အန်တာရာသတင်းဌာနက ဖော်ပြသည်။

ခရီးသွားလာရေး လုပ်ငန်းတွင် ဘာလီကျွန်းနှင့် ဂျော့ဂျ်ဂျကာတာဒေသသည် ခရီးသည် လည်ပတ်မှုများသော အရပ်ဒေသများဖြစ်ကြသည်။ ငလျင်လှုပ်မှုကြောင့် အဆိုပါ ဒေသများ၏ ခရီးသွားလုပ်ငန်းများ အထူး ထိခိုက်ဖွယ်ရှိသည်ဟု ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်တပ်ဖွဲ့ဝင်များ မှားယွင်းပစ်ခတ် အီရတ်အမျိုးသမီးနှစ်ဦးသေဆုံး

ဘဂ္ဂဒက် ဇွန် ၁

ဘဂ္ဂဒက်မြို့ မြောက်ပိုင်းဒေသရှိ သားဖွားဆေးရုံသို့ကားဖြင့်သွားနေသော အမျိုးသမီးနှစ်ဦးသည် အမေရိကန်တပ်ဖွဲ့ဝင်များ၏ မှားယွင်းပစ်ခတ်မှုကြောင့် သေဆုံးခဲ့ကြောင်း အီရတ်-အမေရိကန် ပူးတွဲလုံခြုံရေးဌာနက ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်အရပ်သားများကို မှားယွင်း၍ ပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟူသော ဆင်ခြေများ ပေးနေမှုနှင့်စပ်လျဉ်း၍ အီရတ်ဝန်ကြီးချုပ်က စိတ်မရှည်တော့ဟု ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့ပြီး နောက်တစ်နေ့တွင်ဖော်ပြပါဖြစ်ရပ် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက ဟာဒီသာမြို့အတွင်း လွန်ခဲ့သည့် နိုဝင်ဘာလက အရပ်သား ၂၄ ဦးကို သတ်ဖြတ်ခဲ့ဖွယ် ရှိသည့်ကိစ္စနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်ကို ဖိအားပေးလျက်ရှိသည်။

ဖော်ပြပါ အမျိုးသမီးနှစ်ဦးသည် အယ်လ်-မာတာဆင်မြို့ငယ်လေးတွင် ပစ်သတ်ခံရကြောင်း ဆာလာဟာဒင်ပြည်နယ်ရှိ အီရတ်ကြည်းတပ်နှင့် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ပူးပေါင်းဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

၎င်းတို့နှစ်ဦးသည် အသက် ၅၅ နှစ်ရှိ ဆာလီဟာမိုဟာမက်နှင့် အသက် ၃၅ နှစ်ရှိ နာဘီဟာနာဆစ်တို့ ဖြစ်သည်ဟု ဆိုသည်။

၎င်းတို့နှစ်ဦးသည် အငှားယာဉ် တစ်စီးဖြင့် သားဖွားဆေးရုံသို့အလာတွင် အမေရိကန်တပ်ဖွဲ့ဝင်များက မှားယွင်း၍ ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ပြပါ အစီရင်ခံစာတွင်ပါရှိပြီး ၎င်းအမျိုးသမီးများမှာ ကိုယ်ဝန်သည်များ ဟုတ်၊ မဟုတ် ဖော်ပြထားခြင်း မရှိပေ။

အငှားယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာ ရရှိကြောင်း၊ ကင်းစခန်းအနီး တားမြစ်နယ်မြေအဖြစ် ကန့်သတ်ထားသည့် နေရာသို့ အငှားယာဉ် ဝင်ရောက်ခဲ့သဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန် စစ်ဘက်က ပြောကြားကြောင်း ရဲတပ်ဖွဲ့သတင်း ရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အယ်လ်ဂျီးရီးယားနိုင်ငံ မြို့တော် အယ်ဂျီးယားစ်၌ ကျင်းပသည့် ဖက်ရှင်ပြပွဲတွင် ပါဝင်ပြသသူတစ်ဦးကို ဇွန် ၁ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်ရုပ်မြင်သံကြား အစီအစဉ်မှ အားကစားကဏ္ဍတင်ဆက်သူ ပစ်သတ်ခံရ

ဘဂ္ဂဒက် ဇွန် ၁

အီရတ်ရုပ်မြင်သံကြားအစီအစဉ်မှ အားကစားကဏ္ဍ တွေ့ဆုံမေးမြန်းခန်းတင်ဆက်သူတစ်ဦးသည် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်၌ ဗုဒ္ဓဟူးနေ့တွင် သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

သေဆုံးသူမှာ အီရတ်ကီယာရုပ်မြင်သံကြားဌာနမှ အလီဂျာဖာဆိုသူဖြစ်ပြီး ၎င်းသည် အိမ်မှထွက်ခွာလာစဉ် ပစ်သတ်ခံခဲ့ရခြင်းဖြစ်သည်ဟု အဆိုပါသတင်းရပ်ကွက်ကပြောကြားသည်။ အမေရိကန် ထောက်ခံအားပေးသည့် အီရတ်ခေါင်းဆောင်များကို ဖြုတ်ချရန်အတွက် အကြမ်းဖက် တိုက်ခိုက်သည့် လှုပ်ရှားမှုများပေါ်ပေါက်နေစဉ် အီရတ်အစိုးရက ငွေကြေးထောက်ပံ့မှုပေးထားသည့် ရုပ်မြင်သံကြားဌာနမှ သတင်းစာဆရာအများစုသည် ပြောက်ကျားများ၏ ပစ်မှတ်ထား၍ တိုက်ခိုက်ခံရသူများဖြစ်နေသည်။

လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် စီဘီအက်စ်ရုပ်မြင်သံကြားဌာနမှ ဓာတ်ပုံဆရာ ပေါလ်ဒေါက်ကလပ်စ်၊ အသံဖမ်းသူဂျိမ်းစ်ဘရိုလင်တို့သေဆုံးခဲ့ပြီး သတင်းစာဆရာဖြစ်သူ ကင်ဘာလီဒိုဇီယာ ထိခိုက်ဒဏ်ရာရရှိသည့် ဖြစ်ရပ်ပေါ်ပေါက်ခဲ့အပြီး နှစ်ရက်ကြာတွင် ဖော်ပြပါဖြစ်ရပ်ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်က အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ်က ကျူးကျော်တိုက်ခိုက်ပြီးသည့်နောက် အီရတ်တွင် သတင်းစာဆရာ ၇၀ ကျော် သေဆုံးခဲ့ပြီးဖြစ်သည်။ အများစုမှာ အီရတ်နိုင်ငံသားများဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

တရုတ်နိုင်ငံ ဟိုင်ကူးမြို့ တိရစ္ဆာန်ဥယျာဉ်၌ ခြင်္သေ့အထီးနှင့်ကျားမအတို့မှ ပေါက်ဖွားသည့် ခြင်္သေ့ကျားပေါက်ကလေး လေးကောင်ကို ဇွန် ၁ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ကန်မရိန်းတပ်ဖွဲ့ဝင်များက အီရတ်အရပ်သားများအား သတ်ဖြတ်မှု အိမ်ဖြူတော်က လူသိရှင်ကြား ထုတ်ပြန်ပေးမည်ဟု ကတိကဝတ်ပြု

ဝါရှင်တန် ဇွန် ၁

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များက နှစ်ဒါဇင်ခန့်ရှိသည့် အီရတ်အရပ်သားများကို လွန်ခဲ့သည့် နိုဝင်ဘာလအတွင်း သတ်ဖြတ်ခဲ့မှုနှင့်ပတ်သက်၍ စုံစမ်းထားသည့် အချက်အလက် အသေးစိတ်သတင်းကို လူသိရှင်ကြားထုတ်ဖော်ကြေညာမည်ဖြစ်ကြောင်း အမေရိကန်အိမ်ဖြူတော်က အင်္ဂါနေ့တွင် ကတိကဝတ်ပြုလိုက်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ဆက်လက်ပြုလုပ်နေကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ တိုနီစနိုးက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားပြီး အမေရိကန်စစ်ဌာနချုပ်အနေဖြင့် အဆိုပါကိစ္စကို စုံစမ်းစစ်ဆေးမှုများပြီးစီးသွားပါက အသေးစိတ်သတင်းကို လူသိရှင်ကြားထုတ်ပြန်ကြေညာမည်ဟု အာမခံပေးထားကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

တိုင်းမ်မဂ္ဂဇင်း၏ သတင်းထောက်က ယခုနှစ်စောစောပိုင်းက ယင်းကိစ္စကို စုံစမ်းမေးမြန်းခဲ့ရာ အမေရိကန်သမ္မတဂျော့ဂျ်၊ ဘုရှ် သိရှိသွားခဲ့ပြီး အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် စတီဖင်ဟက်လေကို သမ္မတထံ ချက်ချင်းအကျဉ်းရုံး အစီရင်ခံတင်ပြရန် ညွှန်ကြားကြောင်း ၎င်းက ပြောကြားသည်။ မည်သို့ပင်ဖြစ်စေကာမူ ဘုရှ်၏ ဝေဖန်ပြောကြားမှုနှင့်ပတ်သက်၍ ထုတ်ဖော်ပြောကြားရန် တိုနီစနိုးက ငြင်းဆန်ခဲ့သည်။ ဖော်ပြပါ အရပ်သားများ သတ်ဖြတ်မှုသတင်းကို တိုင်းမ်မဂ္ဂဇင်းတွင် မတ်လအတွင်း ပထမဆုံးထုတ်ဖော်ရေးသားခဲ့ပြီး ယင်းသတင်းအသေးစိတ်များကို အခြားမီဒီယာသတင်းများတွင် ဖော်ပြခဲ့ကြသည်။ ယင်းသတင်းများအရ အီရတ်အရပ်သားများ သတ်ဖြတ်မှုသည် အမေရိကန်စစ်ဘက်ယာဉ်တန်းတစ်ခု လမ်းဘေးဗုံးပေါက်ကွဲခံရပြီး ဟာဒီသာမြို့တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦးလွန်ခဲ့သည့်နှစ် နိုဝင်ဘာလအတွင်းက သေဆုံးခဲ့သည့်ဖြစ်ရပ်အပြီး ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကမ္ဘာ့ဖလားဘောလုံးပွဲကာလအတွင်း လုံခြုံရေးဆောင်ရွက်မည့် တပ်ဖွဲ့ဝင်အချို့ကို ဗြိတိန်နိုင်ငံ မန်ချက်စတာလေဆိပ်တွင် မေ ၃၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

စင်ကာပူ ရေနံနှင့်ဓာတ်ငွေ့ပစ္စည်းကိရိယာထုတ်လုပ်မှု လုပ်ငန်းတွင် ကူဝိတ်ကုမ္ပဏီ လာရောက်ရင်းနှီးမြှုပ်နှံ

စင်ကာပူ ဇွန် ၁

ကူဝိတ်နိုင်ငံမှ ပရိကလက်ဒ်ကုမ္ပဏီက စင်ကာပူနိုင်ငံ ရေနံနှင့်ဓာတ်ငွေ့ပစ္စည်းကိရိယာထုတ်လုပ်မှု လုပ်ငန်းတွင် အမေရိကန်ဒေါ်လာ ၂၅ သန်းဖိုး လာရောက်ရင်းနှီးမြှုပ်နှံသည်ကို အိမ်ရှင်နိုင်ငံက မေ ၂၉ ရက်တွင် ကြိုဆိုလက်ခံလိုက်သည်။

ထိုပရိကလက်ဒ်ကုမ္ပဏီအုပ်စုသည် ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းဆိုင်ရာ အင်ဂျင်နီယာပစ္စည်းများ ထုတ်လုပ်ခြင်း၊ ဝန်ဆောင်မှု လုပ်ငန်းများပေးခြင်းစသည့် လုပ်ငန်းများကို ဆောင်ရွက်သော ကုမ္ပဏီဖြစ်သည်။ ထိုအုပ်စုက ဆောက်လုပ်မည့် စက်ရုံအလုပ်ရုံများ ပြီးစီးသွားသောအခါ အာရှရေနံလုပ်ငန်းသုံး ပစ္စည်းဈေးကွက်အတွက် လိုအပ်သော နည်းပညာပိုင်း၊ ပစ္စည်းပစ္စယပိုင်းနှင့် ဝန်ဆောင်မှုအပိုင်းများကို ထောက်ပံ့ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ရေနံနှင့်ဓာတ်ငွေ့ လုပ်ငန်းသုံး စက်ကိရိယာ ပစ္စည်းဈေးကွက်၊ ဝန်ဆောင်မှု လုပ်ငန်းဈေးကွက်များတွင် တိုးတက်မှုရှိလာမည်ဟု ခန့်မှန်းချက်များရှိသည့် အလားအလာကို ယုံကြည်သည့်အတွက် ယခုကဲ့သို့ လာရောက်ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း စင်ကာပူကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီး လမ်ဟင်ကင်က ရင်းနှီးမြှုပ်နှံမှုပြုသည်ကို ကြိုဆိုသည့် အခမ်းအနားတွင် ပြောကြားသည်။ ထိုစက်မှုလုပ်ငန်းအုပ်စု၏ လုပ်ငန်းများတွင် ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုပေးသည့် လုပ်ငန်းသာပါဝင်သည်မဟုတ် ဖွံ့ဖြိုးရေးနှင့် သုတေသနလုပ်ငန်းများလည်း ပါဝင်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

စင်ကာပူနိုင်ငံမှထုတ်လုပ်သော ရေနံနှင့်ဓာတ်ငွေ့လုပ်ငန်းတွင် အသုံးပြုသည့် ထောက်ပံ့ရေးရေယာဉ်တစ်စင်းကို ဇွန် ၁ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

နိုင်ငံခြားသတင်းများ

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ လေထုညစ်ညမ်းမှုအခြေအနေ ဆိုးရွားလာနေ

ပေကျင်း ဇွန် ၁

တရုတ်နိုင်ငံမြို့တော် ပေကျင်းသည် ယခုနှစ်အတွင်း လေထုညစ်ညမ်းမှု ကင်းစင်သည့် သတ်မှတ်ရက် ၂၃၈ ရက်ရှိရမည့် သတ်မှတ်ချက် ပြည့်မီနိုင်ဖွယ် မရှိကြောင်း သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များက သတိပေးပြောကြားလိုက်သည်။

ယင်းသတ်မှတ်ချက် ပြည့်မီစေရန်အတွက် ပေကျင်းမြို့တွင် ဇွန်လမှ ဒီဇင်ဘာလအထိ တစ်လလျှင် လေထုညစ်ညမ်းမှု ကင်းစင်သည့် သတ်မှတ်ရက် ၂၂ ရက်ထက်မနည်းရှိနေရန် လိုအပ်သည်။

တစ်လလျှင် လေထုညစ်ညမ်းမှု မရှိသည့် ရက် ၂၂ ရက်ရှိရန်မှာ အလွန်တရာ ခက်ခဲလှကြောင်း ပေကျင်းမြူနီစီပါယ်ဌာန ဒုတိယညွှန်ကြားရေးမှူး ဒူရှောင်ဇွန်က ပြောကြားသည်။

ဧပြီလအတွင်း လေထုအရည်အသွေးကောင်းမွန်သည့်ရက် ၁၁ ရက်သာရှိခဲ့ပြီး ငါးနှစ်တာကာလအတွင်း အနည်းဆုံး ဖြစ်ခဲ့သည်ဟု ၎င်းက ပြောကြားသည်။

ဇန်နဝါရီလမှ ဧပြီလအထိ လေထုအရည်အသွေး ကောင်းသောရက် ၅၁ ရက်ရှိခဲ့ပြီး ယမန်နှစ် အလားတူကာလက ရှိခဲ့သည့်ရက်ထက် ၁၆ ရက် လျော့နည်းခဲ့သည်ဟု ၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အိန္ဒိယရောက် ရေလုပ်သားများ ပါကစ္စတန်သို့ ပြန်လည်လွှဲအပ်

အစ္စလမ္မာဘတ် ဇွန် ၁

အိန္ဒိယရေပိုင်နက်အတွင်း ရောက်ရှိခဲ့သည့်အတွက် ထိန်းသိမ်းခြင်းခံရသော ပါကစ္စတန်နိုင်ငံမှ ရေလုပ်သား ၅၉ဦးကို အိန္ဒိယအာဏာပိုင်များက ဂါဂါနယ်စပ်စခန်းတွင် သက်ဆိုင်ရာ ပါကစ္စတန် အရာရှိများထံ မေ ၂၉ ရက်က လွှဲပြောင်းပေးခဲ့ကြောင်း အင်အင်အိုင် (NNI) သတင်းဌာနက ဖော်ပြသည်။

ပါကစ္စတန်နိုင်ငံမှ ရေလုပ်သားများ ငါးဖမ်းနေကြစဉ် အိန္ဒိယရေပိုင်နက်အတွင်းသို့ ရောက်ရှိသွားခြင်းဖြစ်သည်ဟု ဆိုသည်။ ထိုသို့ လမ်းလွဲသွားသည်ကို သိရှိသော်လည်း သတိပေးနိုင်ရန်အတွက် မိမိတို့ လှေ၊ သင်္ဘောများတွင် ခေတ်မီကိရိယာများ မပါရှိကြောင်း ပါကစ္စတန် ရေလုပ်သားများက အင်အင်အိုင်သတင်းဌာနသို့ ပြောကြားသည်။

ပြန်လည် လွတ်မြောက်လာကြသော ရေလုပ်သားများကို မေးမြန်းစုံစမ်းမှုပြုလုပ်ရန်ကိစ္စများရှိနေသဖြင့် အချိန်ခေတ္တမျှ ပါကစ္စတန် အာဏာပိုင်များက ခေါ်ထားမည်ဖြစ်ကြောင်း သိရသည်။ မေးမြန်းမှုများ ပြီးစီးသောအခါ ၎င်းတို့ကို ဌာနေသို့ ပြန်ခွင့်ပြုမည်ဖြစ်သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

တိဘက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ မူလတန်းကျောင်းတစ်ကျောင်း၌ ကလေးများ ပညာသင်ကြားနေသည်ကို ဇွန် ၁ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကော်ဖီကို သင့်တင့်မျှတစွာ သောက်သုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်

အော့စလို ဇွန် ၁

တစ်နေ့လျှင် ကော်ဖီငါးခွက်အောက် လျှော့ချ၍ သင့်တင့်မျှတစွာ သောက်သုံးခြင်းဖြင့် ကျန်းမာရေးကို အထောက်အကူပြုနိုင်ကြောင်း နော်ဝေ သုတေသီများက လေ့လာတွေ့ရှိခဲ့သည်။

ကော်ဖီသင့်တင့်မျှတစွာ သောက်သုံးခြင်းဖြင့် နှလုံးသွေးကြောရောဂါများ၊ အသက်ကြီးရင့်သူများတွင် ဖြစ်တတ်သော ခြေတုန်လက်တုန်ရောဂါနှင့် သတိမေ့လျော့လွယ်တတ်သည့် အယ်ဇိုင်းမားရောဂါများဖြစ်ပွားနိုင်မှု အလားအလာကို လျှော့ချနိုင်ကြောင်း နော်ဝေ သုတေသီများက ပြောကြားသည်။

တွေ့ရှိ

အမေရိကန်နိုင်ငံရှိ အမျိုးသမီး ၂၇၀၀၀ ခန့်ကို သုတေသနပြုလုပ်ချက်အရ နေ့စဉ် ကော်ဖီတစ်ခွက်မှ သုံးခွက် အထိ သင့်တင့်မျှတစွာ သောက်ခြင်းဖြင့် နှလုံးသွေးကြောရောဂါများနှင့် သွေးကြောရောင်ရမ်းစေသော ရောဂါများဖြစ်ပွားမည့် အလားအလာကို ၂၀ ရာခိုင် နှုန်းမှ ၂၅ ရာခိုင်နှုန်းအထိ လျှော့ချပေးနိုင်ကြောင်း သိရသည်။ ***အင်တာနက်။***

ဌာနတိုင်းတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ထိရောက်တွင်ကျယ်စွာ အသုံးပြုရေးကို အထူးအလေးထားဆောင်ရွက်

နေပြည်တော် ဇွန် ၂

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ၂၀၀၆ခုနှစ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့တွင် နေပြည်တော်ရှိ ယင်းဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ တက်ရောက်၍ အမှာစကား ပြောကြား သည်။ (အပေါ်ပုံ)

တက်ရောက်

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြား ရေးမှူးများနှင့် ပြည်နယ်၊ တိုင်းများမှ စီမံကိန်းဦးစီးမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော် လူမှုစီးပွား မြန်ဆန်စွာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ထိရောက်စွာ အကျိုးပြုစေရေး၊ လုပ်ငန်းစွမ်းရည်မြင့်မားရေး၊ ဝန်ထမ်းအရည်အသွေးမြင့်မားရေးနှင့်၊ ICT ပညာရပ် ထိရောက်စွာအသုံးပြုရေးဟူသည့် မူဝါဒလေးရပ် ချမှတ်ပြီး လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဌာနများအနေဖြင့် မိမိတို့၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများကို ရည်မှန်းချက်အတိုင်း ဆောင်ရွက်နိုင်မှု ရှိ၊မရှိ ချိန်ထိုးသုံးသပ်ကြည့်ကာ အားနည်းသည်များကို တိုးမြှင့်ဆောင်ရွက်ရန်နှင့် အားသာချက်များကို ဆက်လက် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဌာနတိုင်းတွင် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ထိရောက်တွင်ကျယ်စွာ အသုံးပြုရေးကို အထူးအလေးအနက်ထား ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ပြည်သူ၊ တပ်မတော်နှင့် အစိုးရတို့ ညီညွတ်စွာ ဆောင်ရွက်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်လာခဲ့ကြောင်း၊ မိမိတို့အနေဖြင့် တတိယ ကာလတိုင်ငါးနှစ်စီမံကိန်းကို အောင်မြင်စွာ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်ကြောင်း၊ တတိယ ကာလတိုင်ငါးနှစ် စီမံကိန်းတစ်ခုလုံးကို ကြည့်ပါက နှစ်စဉ်တိုးတက်မှုနှုန်း ၁၀ရာခိုင်နှုန်းကျော် ရရှိခဲ့ပြီး တစ်နှစ်ပျမ်းမျှတိုးတက်မှုနှုန်း ၁၂ ဒသမ ၈ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း။

သိရှိနားလည်ရန်လို

ယခုအခါ စတုတ္ထကာလတိုင်ငါးနှစ် စီမံကိန်းကို ၂၀၀၆–၂၀၀၇ ခုနှစ်မှ စတင်၍ အကောင်အထည် ဖော်တော့မည်ဖြစ်ရာ ပြည်နယ်၊ တိုင်း စီမံကိန်းတာဝန်ခံများအနေဖြင့် စီမံကိန်း ရည်မှန်းချက်များကို ကျေညက်စွာ သိရှိနားလည်ရန် လိုအပ်ကြောင်း၊ ရည်မှန်းချက်များအတိုင်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ရှာဖွေ ဖော်ထုတ်ရန်နှင့် သက်ဆိုင်ရာဌာနများနှင့် မပြတ်ညှိနှိုင်း ဆောင်ရွက်နေရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးဌာနအောက်ရှိ အဖွဲ့အစည်းနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့ လုပ်ငန်းဌာနအလိုက် ၂၀၀၆ခုနှစ် ဧပြီလကုန်အထိ လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် အခြေအနေ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ဖြည့်စွက်မှာကြား

ဆက်လက်၍ ပြည်နယ်၊ တိုင်းများမှ စီမံကိန်းဦးစီးမှူးများက မိမိတို့ပြည်နယ်၊ တိုင်းအလိုက် ၂၀၀၅–၂၀၀၆ခုနှစ် စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများ၊ တတိယကာလတိုင် ငါးနှစ်စီမံကိန်း အကောင်အထည်ဖော်မှု အခြေအနေများ၊ ၂၀၀၆–၂၀၀၇ခုနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကြိုတင်ပြင်ဆင်ဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်က လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဖြည့်စွက်မှာကြားသည်။

(သတင်းစဉ်)

စံပြမူကြို ဆရာအတတ်ပညာရေးသင်တန်း ဖွင့်မည်

ရန်ကုန် ဇွန် ၂

ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန စံပြမူကြို ကြီးကြပ်ရေးကော်မတီ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ကမာရွတ်မြို့နယ် ပြည်လမ်းရှိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပ သည်။

အကြံပြုဆွေးနွေး

အစည်းအဝေးတွင် တက်ရောက်သူများက သင်တန်းနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စံပြမူကြို ဆရာအတတ်ပညာရေး သင်တန်း အပတ်စဉ်(၁၁)ကို ဇူလိုင် ၃ရက်မှ ၂၈ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၄နာရီအထိ မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတွင် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ရာ သင်တန်း တက်ရောက်လိုသူများသည် ဇွန် ၁၂ရက်မှစ၍ အဆိုပါဌာန၌ လျှောက်ထားနိုင်သည်။

သင်ကြားပို့ချမည်

အဆိုပါသင်တန်းတွင် မူကြိုပညာရေး နည်းပညာ သင်ရိုးများကို လူမှုဝန်ထမ်းဦးစီးဌာန၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာနတို့ ပူးပေါင်းရေးဆွဲထားသည့် သင်ရိုးများနှင့်အညီ အခြေခံပညာ ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ပြင်ပမှ မူကြိုပညာရေးကို စိတ်ပါဝင်စားသူများအား သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းဆင်း လက်မှတ်များ ချီးမြှင့်သွားမည်ဖြစ်သည်။ (သတင်းစဉ်)

ဓမ္မဒူတ အရှင်ဆေကိန္ဒအထူးတရားပွဲ

ရန်ကုန် ဇွန် ၂

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် မိုးကောင်းလမ်း မဟာဗောဓိပရိယတ္တိ စာသင်တိုက်ကြီး၌ အထူးတရားပွဲများကို ကျင်းပမည်ဖြစ်ရာ ဇွန် ၃ရက်နှင့် ၄ရက် ညများတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒအရှင်သူမြတ်က ည ၇နာရီမှစ၍ တရားတော်များကို ဟောကြားပြသမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်ပွဲ ကျင်းပမည်

ရန်ကုန် ဇွန် ၂

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာယာဖွံ့ဖြိုးရေး အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ဇွန် ၈ရက် (နယုန်လဆန်း ၁၃ရက်) ကြာသပတေးနေ့ မွန်းတည့် ၁၂နာရီတွင် ကျင်းပမည်ဖြစ်သည်။

ပညာသင် မြန်မာရဟန်းတော်များအတွက်နှင့် အဖွဲ့ပိုင်ကျောင်း ဆောက်လုပ်ရန် လှူဒါန်းပြီးသူများ၊ လှူဒါန်းလိုသည့် စေတနာရှင်များ တက်ရောက် လှူဒါန်းပူဇော်နိုင်ကြသည်။

အလှူရှင်များသည် အရှင်ဥက္ကဋ္ဌ(အထွေထွေအတွင်းရေးမှူး) ဖုန်း–၃၇၀၉၆၀၊ ဒေါက်တာအရှင်သောပါက ဖုန်း–၇၀၁၄၃၄၊ ဦးရာဇိန္ဒ(နာလန္ဒာ) ဖုန်း–၀၉–၅၁–၀၉၄၂၅၊ ၅၂၇၇၄၆၊ ဦးသိန်းထူးအေး(မြောက်ဥက္ကလာပ) ဖုန်း–၆၉၉၂၆၀၊ ဦးမျိုးဆွေ–ဒေါ်မြရှင်(ပုလဲရတနာ–ရောင်းဝယ်ရေး) အမှတ်–၇၃/၇၄၊ ဝင်ဒါမီယာနှင့် အောင်မင်းခေါင်ဘုရားလမ်း ကမာရွတ်မြို့နယ် ဖုန်း–၅၂၇၅၆၄၊ ၀၉–၅၁၀၅၉၂၉ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃–၆–၂၀၀၆ (စနေနေ့)

၇း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဆရာဦးမြင့်လွင် (သန့်–တည်–ပွား)ဟောပြောဆွေးနွေးသော "အပါယ်ပိတ်တရား"(အပိုင်း–၅) အပါယ်ပိတ်အောင် ကြိုးစားကြပါစို့
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	Language Lab (အထက–၁၊ ဒဂုံ)
၇း၅၀	တေးဂီတအစီအစဉ်
၈း၀၀	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	ငွေကြယ်ပွင့်တို့၏ ဖြစ်တည်မှု (အဲလက်စ်နှင့် သူ၏အနုပညာခရီးလမ်း)
၈း၄၀	သစ်သီးပန်းပုလက်မှုအနုပညာ
၈း၅၀	မိုးလေဝသခန့်မှန်းချက်
၈း၅၅	World Cup Special (Group-A) (နေအောင်သန့်)
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅	စိတ်ဝင်စားဖွယ်ရာ မျက်လှည့်ပညာ
၉း၅၅	ဘောလုံးသမားဘက်ခမ်း
၁၀း၄၅	တေးဂီတအစီအစဉ်
၁၀း၅၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၀၀	ကျန်းမာရေးဆိုင်ရာ သိကောင်းစရာ
၁၁း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅	ဆန်စက်ဖွံ့ဖြိုးတိုးပြည်အကျိုး
၁၁း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀	တေးဂီတအစီအစဉ်
၁၁း၅၅	ယနေ့သိပ္ပံနှင့်နည်းပညာ
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ (၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၅၁)လမ်းမှ ကွယ်လွန်သူ မောင်ကျော်ကျော်မြင့်(ခ) ဆောင်ကြားမင်အား ရည်စူး၍ မိခင် ဒေါ်နန်းဖောင်း(ခ) ဒေါ်မေမြတ်သွယ်နှင့် မြေး၊ ညီအစ်ကိုများက ငွေကျပ် ၁၀၁၂၁၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ထာဝရငွေပဒေသာပင်လှူဒါန်း

ကိုသန်းနိုင်–မချစ်စုနှင့် ကိုရဲ (ရွှေသန်လျင်)တို့က ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရငွေပဒေသာပင် ကျပ်တစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။

(က–ပ)

သစ်တော သစ်ပင် ဒို့ချစ်ခင်
အစဉ်စိုက်ပျိုး အလှတိုး

အခြေခံအင်္ဂလိပ်ဘာသာသင်တန်းနှင့် ကွန်ပျူတာသင်တန်းဖွင့်ပွဲကျင်းပ ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂

အမှတ်(၁) စက်မှုဝန်ကြီးဌာန စက်မှုညွှန်ကြားရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် အခြေခံအင်္ဂလိပ်ဘာသာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၆) နှင့် ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၀၆)သင်တန်း ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်းနှင့် စက်မှု(၁) လမ်းထောင့်ရှိ စက်မှုကြီးကြပ်ရေးဦးစီးဌာန သင်တန်းခန်းမဆောင်၌ ကျင်းပရာ အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားရာတွင် လုပ်ငန်းတာဝန်များဆောင်ရွက်ရာ၌ ကာလတိုအတွင်း စွမ်းရည်ထက်မြက်စွာ ထမ်းဆောင်နိုင်ကြရန် ယခုကဲ့သို့ သင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချနေခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများသည် မိမိတို့ရာထူးတာဝန်များနှင့် လျော်ညီစွာ မှန်မှန်ကန်ကန် ကြိုးပမ်းထမ်းဆောင်သွားကြရန်နှင့်နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရန် တိုက်တွန်းပါကြောင်းဖြင့် အကျယ်တဝင့်ပြောကြားသည်။

အဆိုပါ သင်တန်းများသို့ သင်တန်းသား၊ သင်တန်းသူ ၁၀၆ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါါးပတ်စီဖြစ်သည်။ (သတင်းစဉ်)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း အခြေခံအင်္ဂလိပ်သာဘာ ကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၁/၂၀၀၆) နှင့် ရုံးသုံးကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ် (၂/၂၀၀၆) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (စက်မှု-၁)

ဖျာပုံမြို့နယ်အသင်း(ရန်ကုန်) ရွှေရတု ကျင်းပမည်

ရန်ကုန် ဇွန် ၂

ဖျာပုံမြို့နယ်အသင်း (ရန်ကုန်)၏ အသင်းတည်ထောင်သည့် နှစ်(၅၀)ပြည့် ရွှေရတု အခမ်းအနားများကို ဩဂုတ် ၁၈ ရက်နှင့် ၂၀ ရက်တို့တွင် ရန်ကုန်မြို့တွင် သီတင်းသုံးတော်မူကြသော ဖျာပုံကျောင်းထိုင် ဆရာတော် များအား သက်န်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အသက် (၇၅) နှစ်ပြည့် အသင်းဝင် ဘိုးဘွားများအား ပူဇော်ကန်တော့ခြင်း၊ ဖျာပုံမိသားစုဝင်များ၏ အက၊ အလှ၊ ပသာဒတို့ဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မဂ္ဂဇင်း၊ လက်ကမ်းစာစောင်၊ အမှတ်တရ ရင်ထိုး၊ သော့ချိတ်များ ထုတ်ဝေခြင်း၊ နှစ် (၅၀)ခရီးမှတ်တမ်းတင် ပြပွဲခင်းကျင်းပြသခြင်းတို့ကို ကျင်းပမည်ဖြစ်သည်။

အထက်ပါ ဆွမ်းဆက်ကပ်လှူပွဲနှင့် သက်ကြီးပူဇော်ပွဲများအပါအဝင် ရွှေရတုပွဲဖြစ်မြောက်ရေးအတွက် ဆက်သွယ်လှူဒါန်းလိုသူများသည် ဗိုလ်မှူးကြီး စိန်သန်း ဖုန်း-၃၉၅၀၉၀၊ ဦးသန်းလှိုင် ဖုန်း-၃၇၉၂၃၁၊ ဦးကျော်ဆန်းနိုင် ဖုန်း-၅၈၄၈၈၁၊ ဦးခင်ဦး ဖုန်း-၅၁၄၈၇၉၊ ဒေါ်မေမေလွင် ဖုန်း-၀၉၅၁ ၅၃၄၁၄၊ ဖျာပုံမြို့နယ် အသင်းတိုက် ဖုန်း-၃၉၂၁၇၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

Ocean Gate သင်တန်းကျောင်းက အခြေခံကွန်ပျူတာသင်တန်းကို အခမဲ့သင်ကြားပေးသည့် ပညာဒါန အစီအစဉ်နှင့် ဖွင့်လှစ်သင်ကြားပေးမည့် နိုင်ငံတကာ အဆင့်မီ သင်တန်းများအကြောင်း ရှင်းလင်းပွဲတွင် သင်တန်းကျောင်းဥက္ကဋ္ဌ ဦးထင်အောင်ခိုင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

ရေနံအစမ်းတွင်းများ တူးဖော်လျက်ရှိသည့် ရခိုင်ကမ်းလွန်၌ ရေကြောင်းသတိပေးချက်ထုတ်ပြန်

ရန်ကုန် ဇွန် ၂

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော Daewoo E & P Myanmar သည် ရခိုင်ကမ်းလွန်၌ ရေနံအစမ်းတွင်းများ တူးဖော်လျက်ရှိသည့် ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် (A-1) ၌ Processing Facilities များ တည်ဆောက်သည့်အခါ အထောက်အကူပြု အချက်အလက်များဖြစ်သည့် ရေအောက်အပူချိန်၊ ပင်လယ်ရေလှိုင်းအမြန်နှုန်းနှင့် အမြင့်တို့အား သိရှိနိုင်ရန်အတွက် ပင်လယ်ရေအောက် ကြမ်းပြင်တွင် တိုင်းတာရေးကိရိယာများကို ၂၀၀၆ ခုနှစ် မေ ၃၁ ရက်မှ ၂၀၀၇ ခုနှစ် မေ ၃၁ ရက်အထိ တစ်နှစ်ပတ်လုံးထားရှိ တိုင်းတာသွားမည်ဖြစ်သည်။

တိုင်းတာရေးကိရိယာများ ချထားတိုင်းတာမည့် လုပ်ကွက် အမှတ် (A-1)၏ ဧရိယာ တည်နေရာများမှာ Point-1 မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၄၁ မိနစ် ၅၀ ဒသမ၅၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၀မိနစ် ၁၂ဒသမ၂၈စက္ကန့်၊ Point-2 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၂မိနစ် ၄၅ဒသမ ၁၄စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၂ဒီဂရီ ၃၀မိနစ် ၅၀ဒသမ၃၄စက္ကန့်၊ Point-3 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၃မိနစ် ၃၉ဒသမ၁၈စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ဒီဂရီ ၂၉မိနစ် ၂၄ဒသမ၆၅စက္ကန့်နှင့် Point-4 မြောက်လတ္တီတွဒ် ၁၉ဒီဂရီ ၄၂မိနစ် ၄၄ဒသမ ၈၉စက္ကန့်၊ အရှေ့ လောင်ဂျီတွဒ် ၉၂ဒီဂရီ ၂၈မိနစ် ၄၆ဒသမ၃၄စက္ကန့်တို့အတွင်းတွင် ဖြစ်သည်။

သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက် အမှတ် (A-1) တွင် ပင်လယ်ရေအောက်ကြမ်းပြင်၌ တိုင်းတာရေးကိရိယာများ ချထားတိုင်းတာစဉ် ကာလအတွင်း တိုင်းတာရေးပစ္စည်းများ ပျက်စီးမှုမှကာကွယ်နိုင်ရန်အတွက် ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာအတွင်းကို ရေကြောင်းသတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားသည်။ ထို့ကြောင့် သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်းများ မပြုလုပ်ကြရန် အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ပညာဒါနအစီအစဉ်နှင့် နိုင်ငံတကာအသိအမှတ်ပြု သင်တန်းများအကြောင်း ရှင်းလင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂

Ocean Gate သင်တန်းကျောင်းက အခြေခံကွန်ပျူတာသင်တန်းကို အခမဲ့သင်ကြားပေးသည့် ပညာဒါနအစီအစဉ်နှင့် ဖွင့်လှစ်သင်ကြားသွားမည့် နိုင်ငံတကာ အဆင့်မီ သင်တန်းများ အကြောင်း ရှင်းလင်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများ ဟိုတယ်၌ကျင်းပရာ Ocean Gate သင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ ဧည့်သည်များ၊ ပညာရေးကိုစိတ်ဝင်စားသော ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများတက်ရောက်ကြသည်။

ရှေးဦးစွာ Ocean Gate သင်တန်းကျောင်း ဥက္ကဋ္ဌ ဦးထင်အောင်ခိုင်က နှုတ်ခွန်းဆက်စကားနှင့် သင်တန်းကျောင်းဖွင့်လှစ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး Chief Operating Officer ဦးသိန်းစိုးက ပညာဒါန အစီအစဉ်နှင့် City & Guilds ၏ နိုင်ငံတကာ အသိအမှတ်ပြု ဒီပလိုမာသင်တန်းများ အကြောင်းကိုလည်းကောင်း၊ ဂရပ်ဖစ်ဒီဇိုင်နာ ကိုလင်း (Stars)က လုပ်ငန်းခွင် အသုံးချ Advanced Graphic Design သင်တန်း အကြောင်းကိုလည်းကောင်း ပရိုဂျက်တာဖြင့် ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသော မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

ပညာဒါနအစီအစဉ်မှာ သင်တန်းကျောင်းတည်ထောင်ခြင်း ၁၈လပြည့် အထိမ်းအမှတ်အဖြစ် အခြေခံကွန်ပျူတာသင်တန်းကို အခမဲ့သင်ကြားပေးမည်ဖြစ်သည်။ ဇွန်နှင့်ဇူလိုင် နှစ်လတို့အတွင်းတွင် သင်တန်းသား ဦးရေ ၉၀ အထိ တက်ရောက်သင်ကြားခွင့်ပေးမည်ဖြစ်ရာ တက်ရောက်လိုသူများ အနေဖြင့် သင်တန်းကျောင်းသို့ ဆက်သွယ်စာရင်းသွင်းနိုင်ကြသည်။

Ocean Gate သင်တန်းကျောင်း၌ ကွန်ပျူတာနှင့် အိုင်တီနည်းပညာရပ်များနှင့် ပတ်သက်၍ အခြေခံမှစပြီး နိုင်ငံတကာအဆင့်အထိ သင်တန်းများကို ဖွင့်လှစ်ပို့ချပေးလျက်ရှိရာ City & Guilds ၏ အိုင်တီ ဒီပလိုမာ သင်တန်းများကို ထပ်မံ တိုးချဲ့ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

အဆိုပါ သင်တန်းများသည် လုပ်ငန်းခွင်ဝင် အသက်မွေးဝမ်းကျောင်း လက်မှတ်များဖြစ်ရာ လုပ်ငန်းခွင်ဝင်ရောက်လိုသူများနှင့် အဆင့်မြင့်ပညာရပ်များကို ဆက်လက်တက်ရောက်လိုသူများ တက်ရောက်သင့်သော သင်တန်းဖြစ်သည်။

Advanced Graphic Design သင်တန်းမှာလည်း ယခုအခါ တွင်ကျယ် ခေတ်စားလာသော မီဒီယာနယ်ပယ် အသီးသီး၌ အရေးပါသည့် ဒီဇိုင်နာများ မွေးထုတ်ပေးနိုင်ရန်အတွက် ဖွင့်လှစ်လိုက်ခြင်းဖြစ်သည်။

လက်တွေ့လုပ်ငန်းခွင်တွင် လုပ်ကိုင်ကြရာ၌ လိုအပ်လာသည့် အချက်များကိုအခြေခံကာ ဝါရင့်ဒီဇိုင်နာများကိုယ်တိုင် လက်တွေ့ကျကျ သင်ကြားပေးကြမည်ဖြစ်သည်။

အသေးစိတ် သိရှိလိုပါက သင်တန်းကျောင်းတည်ရှိရာ အမှတ် (၃၅၅) အခန်း (၂၀၆) (သိမ်ဖြူဈေး မှတ်တိုင်အနီး) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၀၁၃၀ သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

The Commerce Journal အတွဲ (၆) အမှတ် (၁၀) ဖြန့်ချိ

ရန်ကုန် ဇွန် ၂

The Commerce Journal အတွဲ (၆) အမှတ် (၁၀)ကို ဖြန့်ချိလိုက်ပြီ ဖြစ်သည်။ အဆိုပါဂျာနယ်၌ နေပြည်တော်မှာ ပို့ကုန်သွင်းကုန်လိုင်စင် ထုတ်ပေးတော့မည်၊ ပို့ကုန်သွင်းကုန်လိုင်စင် လုပ်ရာတွင် ပွဲစားမလာရ၊ နိုင်ငံခြားငွေရနေတဲ့ မြန်မာ့တံမြက်စည်း၊ ပို့ကုန်သွင်းကုန် လျင်မြန်သွက်လက်စေရေး One Stop Service ဖွင့်လှစ်၊ မသိသူကျော်သွား သိသူဖော်စား ပင်လယ်နှမ်း၊ စပျစ်သီးစေ့ဆီ သွေးတိုးရောဂါသက်သာ၊ မူပိုင်ခွင့် ပြဿနာများကို ဥပဒေကြောင်းအရ ဖြေရှင်းရေး၊ အောင်မြင်ချမ်းသာနည်း(၁၀၀)၊ ဂျာမန် ဘောလုံးသမား ဖက်ရှင်ပြပွဲ၊ သူကြွယ်များကို ကြည့်ရှုခြင်း၊ ရောင်းရောင်းစားစား ကကတစ်ငါး၊ တရုတ်ပြည်မှာ အချမ်းသာဆုံးပုဂ္ဂိုလ် ဖြစ်လာသူ၊ ကြော်ငြာဆိုတာ စသည့် သတင်းများအပြင် မောင်စူးစမ်း၊ အောင်သင်း၊ မောင်ဆုရှင်၊ ဦးကျော်အေး၊ ကြည်မင်း၊ မောင်တိုင်ပင်၊ ကြည့်ရှုန်း၊ ဟံသာထွန်း၊ မောင်ပုဆိုးကြမ်း၊ ကျွန်းသားငမန်းနှင့် သိန်းမြသိန်းတို့၏ ဆောင်းပါးများ၊ ပြည်တွင်းဈေးကွက်သတင်း၊ အာရှဆန်ဈေးနှုန်းအခြေအနေ၊ အိန္ဒိယပဲနှင့်အခြားသီးနှံဈေးနှုန်းနှင့် ပို့ကုန်လိုင်စင် ခွင့်ပြုခဲ့သည့် ဈေးနှုန်းသတင်းများဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး အမှတ် (၃၈) လမ်း ၃၀ ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့က တစ်ပြည်လုံးသို့ ဖြန့်ချိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မှော်ဘီမြို့ တိုးချဲ့ (၄) ရပ်ကွက်နေ ကွယ်လွန်သူ မိခင်ကြီး ဒေါ်စိမ်းရီအား ရည်စူး၍ ကျန်ရစ်သူမိသားစုက သဃ်္ဃန်းကျွန်းမြို့နယ် (၁၆/၂) ရပ်ကွက် ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ အလုပ်အမှုဆောင် ဒေါ်သန်းချို လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဦးကြိုင်စန်းရွှေတို့ စိန်ဖူးတော်ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြစဉ်။ (သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့က ငှက်မြတ်နားတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

စိန်ဖူးတော်၊ ရတနာပန်းကလပ်နှင့် ငှက်မြတ်နားတော်တို့ကို တာဝန်ရှိသူများက ပင့်ဆောင်၍ စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြစဉ်။ (သတင်းစဉ်)

ဥက္ကလာပစေတီတော်ကြီး ထီးတော်မှ ခေါင်းလော
ဒုတိယအကြိမ် ရွှေသင်္ကန်း ကပ်လှူပြီးမြောက်မှု ရေစ
စိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပွဲနှင့် အနေကဇ

ရန်ကုန် ဇွန် ၂

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက်ပိုင်းတွ ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်မြတ်ကြီးအား ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင် အောင်မြင်မှု ရေစက်ချလှူဒါန်းပွဲ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင် ကြည်ညိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူ

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မဟာအောင်မြေဘုံစံ ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ပညိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်အရှင်သူမြတ်များကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် ဇနီး ဒေါ်မာမာဝေ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဖိတ်ကြားထားသူများ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များနှင့် ဝတ်အသင်း အဖွဲ့ဝင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဒါန၊ သီလ၊ ဘာဝနာဆည်းပူးခြင်း အစီအစဉ် ပထမပိုင်းကို မဟာမုနိမဏ္ဍပ်ရုံကြီး၌ ကျင်းပရာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇေတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိထံမှ နဝင်္ဂသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဥပါသကာများက ဆရာတော်ကြီးများထံ ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆက်ကပ်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များက ပရိတ်တရားတော်များကို ရွတ်ဖွားချီးမြှင့်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ရေ၊ ပရိတ်ပန်း၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ကိုယ်စား ဦးကြိုင်စန်းရွှေနှင့် ဇနီးတို့က စိန်ဖူးတော်နှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးတို့က ငှက်မြတ်နားတော်နှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တိုင်းမှူးနှင့် ဇနီးတို့က ဆည်းလည်းပဒေသာနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန်က ဇွန်းလေးဘုံနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများကို လည်းကောင်း ဆရာတော် သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် မြင်းခြံမြို့ ဇေယျာလင်္ကာရ ပရိယတ္တိ စာသင်တိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကိတ္တိထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့် အဖွဲ့ဝင်များနှင့် ပရိသတ်တို့က ရေစက်ချအနုမောဒနာတရား နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားပထမပိုင်းကို ရုပ်သိမ်းလိုက်သည်။

လှည့်လည်ပူဇော်

ယင်းနောက် လှည့်လည်ပင့်ဆောင်တင်လှူပူဇော်ခြင်းနှင့် ဗုဒ္ဓါဘိသေက



နိုင်ငံတော် အေးချမ်းသာယာရေ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗို
ဒေါ်ကြိုင်ကြိုင်တို့ကိုယ်စား ဦးကြိုင်စန်း
ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။

အနေကဇာတင်ခြင်း အစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မင်္ဂလာအခမ်းအနားဖြင့် စိန်ဖူးတော်ကို ဦးကြိုင်စန်းရွှေကလည်းကောင်း၊ ရတနာပန်းကလပ်ကို ဦးကြိုင်စန်းရွှေ၏ ဇနီး ဗိုလ်မှူးဒေါ်ခင်ဝင်းစိန်က လည်းကောင်း၊ ငှက်မြတ်နားတော်ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် အကြံပေး ပုဂ္ဂိုလ် ဦးအုံ့မောင်တို့က လည်းကောင်း၊ ဆည်းလည်းပဒေသာကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးက လည်းကောင်း၊ ဇွန်းလေးဘုံကို တိုင်းမှူး၏ ဇနီး ဒေါ်မာမာဝေကလည်းကောင်း ပင့်ဆောင်ကြပြီး စေတီတော်အား

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရ
ဗိုလ်မှူးချုပ် လှဌေးဝင်းနှင့် ဇနီးတို့က ဆည်းလည်းပဒေသာကို ဆရာတော်ထ

...ဦးတော်မှ ခေါင်းလောင်းတော်အထိ ...ပ်လှူပြီးမြောက်မှု ရေစက်ချလှူဒါန်းပွဲ ...တင်လှူပွဲနှင့် အနေကဇာတင်ပွဲကျင်းပ

...န် ဇွန် ၂

...ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တောင် ...ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပြီးမြောက် ...င်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားသို့ တက်ရောက် ...ကျ်နားတော်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ပေးသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော်မြတ်ကြီးအား ထီးတော်မှ ခေါင်းလောင်းတော်အထိ ဒုတိယအကြိမ် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ပြီးမြောက်အောင်မြင်မှု ရေစက်ချလှူဒါန်းပွဲ၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ မင်္ဂလာအခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ၊ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကုဏ္ဍလဇောတိထံမှ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက နဝင်္ဂသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ကိုယ်စား ဦးကြိုင်စန်းရွှေနှင့် ဇနီးတို့က စိန်ဖူးတော်ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

အနေကဇာတင်ခြင်း အစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ မင်္ဂလာအခမ်းအနားဖြင့် စိန်ဖူးတော်ကို ဦးကြိုင်စန်းရွှေကလည်းကောင်း၊ ရတနာပန်းကလပ်ကို ဦးကြိုင်စန်းရွှေ၏ ဇနီး ဗိုလ်မှူးဒေါ်ခင်ဝင်းစိန်က လည်းကောင်း၊ ငှက်မြတ်နားတော်ကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူး၊ ရန်ကုန်မြို့တော်ဝန်နှင့် အကြံပေး ပုဂ္ဂိုလ် ဦးအုံ့မောင်တို့က လည်းကောင်း၊ ဆည်းလည်းပဒေသာကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၏ ဇနီး ဒေါ်ခင်သက်ဌေးက လည်းကောင်း၊ ဖွန်းလေးဘုံကို တိုင်းမှူး၏ ဇနီး ဒေါ်မာမာဝေကလည်းကောင်း ပင့်ဆောင်ကြပြီး စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ကာ အပူဇော်ခံသည်။

ထို့နောက် အခမ်းအနားမှူး သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က မင်္ဂလာအခါတော်ကြား စာတမ်းကို ဖတ်ကြားသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် စေတီတော် တနင်္ဂနွေထောင့်အနီးရှိ မင်္ဂလာမဏ္ဍပ်မှနေ၍ ဖွန်းလေးဘုံမှ စတင်၍ ငှက်မြတ်နားတော်၊ ဆည်းလည်းပဒေသာနှင့် စိန်ဖူးတော်တို့ကို မြလေယာဉ် ကုသိုလ်ဖြစ် ထီးတော်တင်အဖွဲ့၏ မင်္ဂလာရထားပျံဖြင့် စေတီတော်အထက်သို့ တင်လှူပူဇော်သည်။

...ချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ...ဇနီးတို့က ဆည်းလည်းပဒေသာကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ တိုင်းမှူးနှင့် ဦးကြိုင်စန်းရွှေတို့က ဖွန်းလေးဘုံ၊ ဆည်းလည်းပဒေသာ၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်အထွတ်တွင် တင်လှူပူဇော်ပေးကြပြီး ရေစင်ရေသန့်နှင့် အမွှေးနံ့သာရည်တို့ဖြင့် ပက်ဖျန်းပူဇော်ပေးကြသည်။

ထိုအချိန်တွင် အခမ်းအနားမှူးက "ဇယန္တော ဗောဓိယာမူလေ" အစချီသော အောင်ဂါထာတော်ကို ရွတ်ဆိုပူဇော်သည်။

ယင်းနောက် မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ပြီး အခမ်းအနားအောင်မြင်စွာ ပြီးမြောက်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။

ထို့နောက် စေတီတော် တနင်္ဂနွေထောင့်အနီးတွင် ကံ့ကော်ပင် နှစ်ပင်ကို ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် တိုင်းမှူးတို့က လည်းကောင်း၊ ဗောဓိညောင်ပင်ကို ဦးကြိုင်စန်းရွှေကလည်းကောင်း စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များက စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဆရာတော် သံဃာတော် အရှင်သူမြတ်များအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ (သတင်းစဉ်)

မြန်မာမုန့်လုပ်ငန်း(ဆင့်ပွား) သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဇွန် ၂

အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ကြီးမှူးဖွင့်လှစ်သည့် မြန်မာမုန့်လုပ်ငန်း(ဆင့်ပွား) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီတွင် အဆိုပါတပ်မဌာနချုပ်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းမိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေ တက်ရောက်အားပေး ချီးမြှင့်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူများကိုယ်စား သင်တန်းသူ ဒေါ်အေးအေးမြင့်အား ပေးအပ်သည်။

ထို့နောက်သင်တန်းသူများကိုယ်စား သင်တန်းသူဒေါ်ခင်ထွေးရီက ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။(သတင်းစဉ်)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း ရွှေလီရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းတို့သည် ဒုတိယဝန်ကြီးဦးမျိုးမြင့်၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ လိုက်ပါ၍ မေ ၂၉ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ရွှေလီမြစ်ပေါ်၌ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် ရွှေလီရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းတစ်ခုချင်းအလိုက် ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်နေသည့်လုပ်ငန်းများ၊ ဓာတ်အားလိုင်းသွယ်တန်းရေး၊ တာဝါတိုင် တပ်ဆင် တည်ဆောက်ရေး၊ ဓာတ်အားခွဲရုံတည်ဆောက်ရေး စသည့်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းမှူးနှင့် ဝန်ကြီးတို့က ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့် အဖွဲ့သည် စီမံကိန်းရှိ တမံအူလမ်းကြောင်း ရှင်းလင်းတူးဖော်ခြင်းလုပ်ငန်း၊ ရေလွှဲဥမင်အထွက်၊ ရေလွှဲဥမင်အဝင်နှင့် ရေယူဥမင်လိုဏ် တူးဖော်ဖောက်လုပ်ပြီးစီးမှုအခြေအနေ၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေသားရှင်းလင်းခြင်း၊ မြေတားနံရံ ကွန်ကရစ်လောင်းခြင်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်း လုပ်ငန်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ရွှေလီ ရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ရွှေလီရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံသည် မဂ္ဂါဝပ် ၁၀၀ အင်အားရှိ ဓာတ်အားပေးစက်ရုံ ခြောက်လုံး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ် ၆၀၀ မှ နှစ်စဉ် လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီ သန်းပေါင်း ၃၀၂၂သန်း ထုတ်လုပ်ပြီး ၂၃၀ကေဗွီ နှစ်ထပ် ဓာတ်အားလိုင်းမိုင် ၁၈၀ (ရွှေလီ-မန်ဆန်-ရွှေစာရံ) ဖြင့် ဓာတ်အားကွန်ရက်စနစ်မှ တစ်ဆင့် တစ်နိုင်ငံလုံးသို့ ဓာတ်အားပို့လွှတ် ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ယင်းနောက် မြို့နယ်အလုပ်အမှုဆောင် အတွင်းရေးမှူး ဦးထွန်းအောင်နှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တင်ပြရာ တွဲဖက်အထွေထွေအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေး မှာကြားသည်။

ဆက်လက်၍ တွဲဖက်အထွေထွေအတွင်းရေးမှူးသည် ညနေပိုင်းတွင် မူဆယ်ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ထိုမှတစ်ဆင့် တွဲဖက်အထွေထွေအတွင်းရေးမှူးသည် ညနေပိုင်းတွင် ကွတ်ခိုင်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ တွဲဖက်အထွေထွေအတွင်းရေးမှူးသည် ညနေပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လားရှိုးမြို့၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် တွေ့ဆုံရာ ပြည်နယ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာလဆိုင်းနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များက ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွဲဖက်အထွေထွေအတွင်းရေးမှူးက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃-၆-၂၀၀၆ (စနေနေ့)

၁၃၆၈ခုနှစ်၊ နယုန်လဆန်း(၈ရက်) (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	အကပြိုင်ပွဲ
၈း၀၀	၆။	သုံးဆယ်ရေလှောင်တမံ
၈း၁၅	၇။	အတီးပြိုင်ပွဲ
၈း၃၀	၈။	International News.
၈း၄၅	၉။	Grammar Made Easy.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။	စစ်သည်တေး
၁၁း၁၅	၂။	တေးဂီတအစီအစဉ်
၁၁း၃၀	၃။	ပြည်တွင်းသတင်း
၁၁း၄၀	၄။	ချစ်စရာ့အရွယ်ကစားကြမယ်
၁၂း၀၅	၅။	တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
၁၂း၃၀	၆။	နိုင်ငံခြားကာတွန်း ဇာတ်လမ်းတွဲ "Doraemon"
၁၂း၄၅	၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဆည်းဆာ"(အပိုင်း-၁)**
၁း၃၀	၈။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၁း၄၀	၉။	**"ကိုယ်ချင်းစာ" (ပြေတီဦး၊ခင်ဇာခြည်ကျော်) (ဒါရိုက်တာ-ဦးခင်ဇော်)**
၂း၀၅	၁၀။	တိုးတက်ပြောင်းလဲမှုဧကန် စံပြကျေးရွာတင်းတိမ်ရံ
၂း၁၅	၁၁။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၂း၃၀	၁၂။	**"အလံလေးတော့ကိုင်ပြပါ" (ဖွဲ့နိုင်ဝင်း၊ရတနာခင်) (ဒါရိုက်တာ-မင်းအုပ်စိုး)**
၂း၄၀	၁၃။	ရွှေလီတံတား
၂း၄၅	၁၄။	International News.
၃း၀၀	၁၅။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	တေးဂီတအစီအစဉ်
၄း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (အထူးပြုအားလုံး) (အင်္ဂလိပ်စာ)
၅း၀၀	၅။	အကပြိုင်ပွဲ
၅း၁၅	၆။	တေးဂီတအစီအစဉ်
၅း၃၀	၇။	**"ချစ်လွန်းလို့" (ပိုးဖြူခင်စိုးပိုင်၊မျိုးမျိုးခိုင်) (ဒါရိုက်တာ-ကြည်စိုး)**
၅း၃၅	၈။	ချစ်စရာ့အရွယ်ကစားကြမယ်
၆း၀၀	၉။	ညနေခင်းသတင်း
၆း၃၀	၁၀။	မိုးလေဝသအခြေအနေ
၆း၃၅	၁၁။	Discovery
၆း၄၀	၁၂။	အရေးပြိုင်ပွဲ
၆း၅၅	၁၃။	မြန်မာမှုပန်းဆယ်မျိုး (ပန်းရန်)
၇း၀၀	၁၄။	တေးဂီတအစီအစဉ်
၇း၁၀	၁၅။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ဖြူစင်မေတ္တာ" (အပိုင်း-၁)**
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	**နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်မိပြီဆိုရင် (အပိုင်း-၄၉)**
	၂၀။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
	၂၁။	နောက်တစ်နေ့အစီအစဉ်
	၂၂။	အစီအစဉ်ပြီး၏။

သဃ်္ဃန်းကျွန်းမြို့နယ်၌ မီးလောင်မှုဖြစ်ပွား

ရန်ကုန် ဇွန် ၂

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် စံပြရပ်ကွက် စံပြ(၂)လမ်း အမှတ်(၈၀)နေ ဒေါ်မြညွန့်၏ နေအိမ်၌ ဖယောင်းတိုင် မီးထွန်းထားရာမှ ယမန်နေ့ည ၉ နာရီ ၄၅မိနစ်တွင်မီးလောင်ကျွမ်းရာ အိမ်တစ်လုံးဆုံးရှုံးပြီး ဒေါ်မြညွန့်၏ မိခင် အသက်(၈၀)ရှိ ဒေါ်ထွေးစိန်မှာ မီးခိုးမွန်း၍ သေဆုံးသွားသည်။ မီးလောင်မှုကြောင့် တန်ဖိုးငွေကျပ် ၂၃၀၀၀၀ ဆုံးရှုံးသွားသည်။ (သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် **တက္ကသိုလ်ကောင်စီဥက္ကဋ္ဌ၊ အနောက်**မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ပြည်ထောင်စု **တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး** တက္ကသိုလ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မဟာပညာရေးဘွဲ့သင်တန်း၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ ပေါင်းကူး နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၁)၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းနှင့် အလယ်တန်းဆရာအတတ်သင်တန်း **ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသူများဖြစ်အောင်ဖော်ဆောင် နိုင်ငံတော်က အားထားယုံကြည်ရသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများဖြစ်အောင် ကြိုးစားလေ့ကျင့် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် သင်တန်းများဖွင့်ပွဲ၌ တိုင်းမှူး ဗိုလ်ချုပ်သာအေး အမှာစကားပြောကြား

ရန်ကုန် ဇွန် ၂

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ၂၀၀၆–၂၀၀၇ ပညာသင်နှစ် မဟာပညာရေးဘွဲ့သင်တန်း၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ ပေါင်းကူး နှစ်နှစ်သင်တန်း၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၁)၊ ဆရာအတတ်ပညာ ဒီပလိုမာသင်တန်းနှင့် အလယ်တန်းဆရာ အတတ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့–အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဗိုလ်မှူးချုပ်စိုးဦး၊ တက္ကသိုလ်ကောင်စီဝင်များ၊ အမှတ်(၃၃)ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် တင်ထွန်းအောင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှကြည်၊ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဖလှ၊ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဦး၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ကြိုးစားသင်ယူ

ရှေးဦးစွာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် နိုင်ငံတော်၏ အကျိုးနှင့် တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် မွန်မြတ်သည့်ရည်မှန်းချက်ဖြင့် တည်ထောင်ဖွင့်လှစ်ထားသော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်တွင် နိုင်ငံတော်၏ တာဝန်ယူပျိုးထောင်မှုဖြင့် တက်ရောက်ပညာဆည်းပူးကြမည့် သင်တန်းသား၊ သင်တန်းသူများသည် နိုင်ငံတော်၏ ကျေးဇူးတရားကို ပြန်လည်ပေးဆပ်နိုင်ရန် ခံယူချက်ဖြင့် တက္ကသိုလ်၏ လေ့ကျင့်သင်ကြားမှုများကို အပတ်တကုတ်ကြိုးစားသင်ယူကြရန် လိုအပ်ကြောင်း။

နိုင်ငံတော်၏ စေတနာကို လေးလေးနက်နက် နားလည်သဘောပေါက်ပြီး သင်တန်းကာလအတွင်း ကြီးကြပ်ကွပ်ကဲမှုအနည်းဆုံးဖြင့် မိမိကိုယ် မိမိ ထိန်းသိမ်းကာ တက္ကသိုလ်က ချမှတ်ထားသည့် စည်းကမ်းများကို တိကျစွာ စောင့်ထိန်းလိုက်နာကြရန်လိုအပ်ကြောင်း၊ တိုင်းရင်းသားပြည်သူများအကြား မှန်ကန်သည့် အတွေးအခေါ်များရရှိကာ နိုင်ငံတော်တည်တံ့ခိုင်မြဲရေးအတွက် အရေးပါသည့် ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ပြန့်ပွားနေအောင် ကြိုးပမ်းရမည့် သင်တန်းသား၊ သင်တန်းသူများအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသူများဖြစ်အောင် တက္ကသိုလ်တွင် တက်ရောက်နေစဉ်ကတည်းကပင် ဖော်ဆောင်ကြိုးပမ်းကြရမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်က မျှော်လင့်အားထား ယုံကြည်ရသည့် ပညာရေးဝန်ထမ်း စည်းရုံးရေးမှူးကောင်းများဖြစ်အောင် ကြိုးစားလေ့ကျင့်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက သင်တန်းနှင့်ပတ်သက်သော အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက ၂၀၀၅–၂၀၀၆ ပညာသင်နှစ် စံပြတပ်ခွဲဆုရ အလောင်းဘုရားတပ်ခွဲအား ဆုချီးမြှင့်ပြီး နံနက် ၁၀နာရီတွင် အခမ်းအနားကို ရုပ်သိမ်းသည်။

တက်ရောက်သင်ယူ

၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် မဟာပညာရေးဘွဲ့ ပထမနှစ်သင်တန်းသို့ ကိုးဦး၊ မဟာပညာရေးဘွဲ့ ဒုတိယနှစ်သင်တန်းသို့ လေးဦး၊ ပညာရေးဘွဲ့ တစ်နှစ်သင်တန်းသို့ ၅၄ ဦး၊ ပညာရေးဘွဲ့ပေါင်းကူး ပထမနှစ် သင်တန်းသို့ ၇၁ ဦး၊ ပညာရေးဘွဲ့ ပေါင်းကူး ဒုတိယနှစ်သင်တန်းသို့ ၆၇ ဦး၊ ဆရာအတတ်ပညာ ဒီပလိုမာ သင်တန်းသို့ ၆၂ ဦး၊ အလယ်တန်း ဆရာအတတ်သင်တန်းသို့ ၅၅ ဦး၊ ပညာရေးဘွဲ့ လေးနှစ်သင်တန်းများဖြစ်သည့် သင်တန်းအမှတ်စဉ်(၄၁) ပထမနှစ် သင်တန်းသို့ ၂၅၀၊ သင်တန်းအမှတ်စဉ်(၄၀) ဒုတိယနှစ် သင်တန်းသို့ ၂၃၂ ဦး၊ သင်တန်းအမှတ်စဉ်(၃၉) တတိယနှစ်သင်တန်းသို့ ၂၄၉ ဦးနှင့် သင်တန်းအမှတ်စဉ်(၃၈) စတုတ္ထနှစ်သင်တန်းသို့ ၂၅၅ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၁၃၀၈ ဦး တက်ရောက်သင်ယူမည်ဖြစ်သည်။

ပေးအပ်လှူဒါန်း

အခမ်းအနားအပြီးတွင် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးသည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး တာဝန်ရှိသူများ လိုက်ပါလျက် တက္ကသိုလ်ပျိုးစင်တွင် ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပြုစုပျိုးထောင်ထားရှိမှုနှင့် တက္ကသိုလ် စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တိုင်းမှူးသည် တက္ကသိုလ်ဧည့်ရိပ်သာ၌ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်း ကျောင်းသား၊ ကျောင်းသူများ အတွက် ကျောင်းသုံးဗလာစာအုပ်နှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။
(သတင်းစဉ်)

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် တက္ကသိုလ်ကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ၂၀၀၅–၂၀၀၆ ပညာသင်နှစ် စံပြတပ်ခွဲဆုရ အလောင်းဘုရားတပ်ခွဲအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာခရစ်ကက်အသင်း ပြိုင်ပွဲဝင်ရန် လေ့ကျင့်

ရန်ကုန် ဇွန် ၂

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဩဂုတ် ၁၂ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် Asian Cricket Council Trophy 2006 ခရစ်ကက် အားကစားပြိုင်ပွဲ၌ မြန်မာ့လက်ရွေးစင် ခရစ်ကက်အသင်း ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အဆိုပါပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင် ခရစ်ကက်အသင်းကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ခရစ်ကက် အားကစားနည်းပြဆရာ Senior Coach Mr. Fahim က ယမန်နေ့မှ စတင်တာဝန်ယူ လေ့ကျင့်ပေးလျက်ရှိကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃–၆–၂၀၀၆ (စနေနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ **ဆရာတော်ဦးဃောသိတတရားတော် – တေပိဋကသုတ်**
၉း၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉း၁၁ ၁၁။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂း၀၀ ၁။ မြဝတီအဖွင့်
၁၂း၀၅ ၂။ အဖွင့်သီချင်း
၁၂း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂း၂၀ ၄။ သာယာသီကြွေးခေတ်ဆန်းတေး
၁၂း၃၀ ၅။ **ရုပ်မြင်သံကြားဇာတ်လမ်း “ကမ္ဘာ ကမ္ဘာ အဝေး” သရုပ်ဆောင်–လွင်မိုး၊ ထက်ထက်မိုးဦး**
၁း၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁း၅၉ ၇။ အပိတ်နှုတ်ဆက်စကား
၂း၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ကျန်းမာရွှင်လန်းယောဂအစွမ်း
၄း၁၅ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄း၅၀ ၆။ မျိုးချစ်တပ်မတော်
၅း၀၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅း၁၀ ၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅း၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
၆း၂၀ ၁၂။ မိုးလေဝသသတင်း
၆း၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅ ၁၄။ အံ့ဩဘွယ်ရာ ဆပ်ကပ်ပညာ
၆း၄၅ ၁၅။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀ ၁၆။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “မေတ္တာသည်သာ” (အပိုင်း–၂၁)**
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း – ကောင်းကင်းသိုင်းကွက် (အပိုင်း–၃၅) ဇာတ်သိမ်း**
.... ၂၁။ သင့်အတွက်မနက်ဖြန်
၂၂။ အပိတ်နှုတ်ဆက်စကား
၂၃။ ပြီးပါပြီ။

ကွယ်လွန်သူ ဒေါ်ဆိုင်(စစ်ကွင်း)အား ရည်စူး၍ ရန်ကုန်မြို့ လှိုင်မြို့နယ် ဘူတာရုံလမ်း(၁)ရပ်ကွက်နေ ဦးသိန်းဦး(ရောင်နီဦးဖိနပ်ဆိုင်)မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေ ကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရား နာယူပြီး တိ=နိ (ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အိန္ဒိယနိုင်ငံမဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း)တိုးချဲ့မြေကွက်သစ်ဝယ်ယူရန်အတွက် ရန်ကုန်မြို့ အလုံမြို့နယ် သစ်တောလမ်းနေ ကွယ်လွန်သူ(ဦးသန်းလွင်)အားရည်စူး၍ ဒေါက်တာဒေါ်နှင်းနှင်းဝေ၊ သားဉာဏ်ဖြိုးလွင်၊ သမီးနှင်းအိလွင်တို့က အလှူတော်ငွေကျပ် **၅၀၀၀၀၀ကို မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းရှိ အကျိုးတော်ဆောင် ဆရာတော်** ဒေါက်တာ အရှင်သုနန္ဒ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် ဇမ္ဗူအေးကျောင်းတိုက်အတွင်း ဆောက်လုပ်လျက်ရှိသည့် သီလဝိသောဓနီ **နှစ်ထပ်သိမ်တော်ကြီးအတွက် အလှူတော်ငွေကျပ်ငါးသိန်းကို မေ ၂၈ရက်က** ဦးထွန်းဝင်း-ဒေါ်လီလီရွှေမိသားစု စီ/၄ရွှေစပယ်ရိပ်မွန် ရွှေဝါလမ်း ကမာရွတ်မြို့နယ်ကိုယ်စား ဘုရားဒါယကာကြီး အဖိုးလေး ဦးခက ဦးဆောင်နာယက ဆရာတော် ဘဒ္ဒန္တသုမင်္ဂလဗုဒ္ဓိ ရှေ့မှောက်တွင် သိမ်တော်တည်ဆောက်ရေးအဖွဲ့ဝင် ဦးအုန်းမောင်နှင့် ဦးဘချိုတို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်း

ရန်ကုန် ဇွန် ၂

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခြင်း အခမ်းအနားကို မေ ၂၈ရက် နံနက်ပိုင်းနာရီတွင် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်း၊ ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်နှင့် အဖွဲ့ဝင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကများ၊ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင် များ၊ မန္တလေးတိုင်း အတွင်းရှိ မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှေးဦးစွာ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းဆောင်ရွက်ချက်များကိုလည်းကောင်း၊ အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်မိမိလေးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ကျန်းမာရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါက်တာယဉ်သန္တာလွင်က ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ရဲလတ်က သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ချက်များကိုလည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ထို့နောက်ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲကျင်းပရာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက အမှာစကားပြောကြားပြီး ဥက္ကဋ္ဌ ဒေါ်သန်းသန်းညွန့်က ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဌာနကြီးငါးခုနှင့် လုပ်ငန်းအဖွဲ့ ငါးဖွဲ့တို့မှ ဌာနမှူးများ၊ အဖွဲ့ ခေါင်းဆောင်များ၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက ရှေ့လုပ်ငန်းစဉ်များကို အသီးသီး ရှင်းလင်း ဆွေးနွေးတင်ပြကြပြီး တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်ပြုံးဝင်းက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး နိဂုံးချုပ်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ဇွန် ၂ရက်က အီတလီသမ္မတနိုင်ငံ တည်ထောင်သည့် နှစ်ပတ်လည်နေ့ အခမ်းအနားသို့ တက်ရောက်လာသော နိုင်ငံခြားရေး ဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ဝင်းအား အီတလီသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Raffaele Miniero **နှင့် ဇနီး တို့က ကြိုဆိုနှုတ်ဆက်ကြစဉ်။** (သတင်းစဉ်)

အမှာစကား ပြောကြား

မန္တလေးတိုင်း အမျိုးသမီးရေးရာ အဖွဲ့ နာယကဒေါ်ခင်ပြုံးဝင်း မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ လုပ်ငန်း ဆောင်ရွက်ချက်များ ရှင်းလင်းခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးခြင်း အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

၂၀၀၆ခုနှစ် ဇွန်လ ၂ ရက် မွန်းလွဲ ၂နာရီထုတ်ပြန်ချက် ယနေ့နံနက် ၉း၃၀ နာရီအချိန်အထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်

လွန်ခဲ့သော ၂၄နာရီအတွင်းက စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ စစ်တွေမြို့တွင် ၄ဒသမ ၄၅ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၀၁ လက်မ၊ သာယာဝတီမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ဘားအံမြို့နှင့် ဟသ်ာတမြို့တို့တွင် ၁ ဒသမ ၇၄လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားနည်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

မုတ်သုံလေ အားအသင့်အတင့် ရှိမည်

၂၀၀၆ ခုနှစ် ဇွန်လ ၃ ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့တွင် နေရာစိပ်စိပ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည်တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

၂၀၀၆ခုနှစ် ဇွန်လ ဒုတိယရက်သတ္တပတ်ကုန်ရက်များအတွက် မိုးလေဝသခန့်မှန်းချက်

လာမည့် သီတင်းပတ်ကုန်ရက်များအတွင်း ရန်ကုန်တိုင်းတွင် နေရာအနှံ့အပြား၊ နေပြည်တော်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၂၉ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၈၅ ဒီဂရီဖာရင်ဟိုက်) **၁-၆-၂၀၀၆**

အနိမ့်ဆုံးအပူချိန် ၁၉ ဒသမ ၀ ဒီဂရီစင်တီဂရိတ် (၆၆ ဒီဂရီဖာရင်ဟိုက်) **၂-၆-၂၀၀၆**

၀၉း၃၀နာရီအချိန် စိုထိုင်းဆ	၉၃ ရာခိုင်နှုန်း	၂-၆-၂၀၀၆
နေပူသည့်နာရီပေါင်း	မရှိပါ	၁-၆-၂၀၀၆

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂-၆-၂၀၀၆	၀ဒသမ၄၃လက်မ	၀ဒသမ၉၅လက်မ	၀ဒသမ၁၂လက်မ
၁-၁-၂၀၀၆ရက်မှ ယနေ့အထိ	၁၅ ဒသမ ၇၅ လက်မ၊	၂၀ ဒသမ ၇၁ လက်မ	၂၁ ဒသမ ၅၀ လက်မ

၂၀၀၆ ခုနှစ် ဂျာမနီ ကမ္ဘာ့ဖလားပြိုင်ပွဲ

ဆီမီးဖိုင်နယ်တက်ရန် အလားအလာရှိသော အသင်းများ



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲသို့ တက်ရောက်နိုင်ဖွယ်ရှိသော အသင်း ၁၆ သင်းကို ခန့်မှန်းဖော်ပြပြီးဖြစ်သည်။ အုပ်စု ပထမများအဖြစ် အုပ်စု(က)တွင် ဂျာမနီ၊ အုပ်စု(ခ)တွင် အင်္ဂလန်၊ အုပ်စု(ဂ)တွင် အာဂျင်တီးနား၊ အုပ်စု(ဃ)တွင် ပေါ်တူဂီ၊ အုပ်စု(င)တွင် ချက်၊ အုပ်စု(စ)တွင် ဘရာဇီး၊ အုပ်စု(ဆ)တွင် ပြင်သစ်၊ အုပ်စု (ဇ)တွင် စပိန်တို့ကို လျာထားပေးခဲ့သည်။

ယခု လျာထားပေးသော အသင်းများသည် အုပ်စုတွင်း ပြိုင်ပွဲများတွင် ခြေချော်လက်ချော်ကြောင့် လည်းကောင်း၊ ဖျက်မြင်းအသင်းများကြောင့် လည်းကောင်း အုပ်စုဒုတိယသာရရှိခဲ့ကြမည်ဆိုလျှင် အသင်းကြီး တစ်သင်းသင်းနှင့် ဒုတိယအဆင့် ရှုံးထွက်တွင် ထိပ်တိုက်တွေ့ဆုံမည်။ အကယ်၍ ဒုတိယအဆင့်၌ ရှုံးခဲ့လျှင် သိက္ခာကျလိမ့်မည်။ နိုင်ခဲ့မည် ဆိုလျှင် ရှေ့လျှောက် ခက်ခက်ခဲခဲ ရန်းကန်ရတော့မည်ဖြစ်သည်။ ထို့ကြောင့် အထက်တွင် လျာထားပေးသော အသင်းများသည် အုပ်စုပထမရအောင် ကစားကြလိမ့်မည် ဖြစ်သည်။

(က)အုပ်စုမှ အိမ်ရှင် ဂျာမနီသည် ပထမရအောင် ကစားရမည်။ ဒုတိယသာရလျှင်အုပ်စု(ခ)မှ ပထမနှင့် ဒုတိယအဆင့် ရှုံးထွက်တွင် ကစားရမည်။ အုပ်စု(ခ)မှ ပထမသည် ရေပန်းစားနေသော အင်္ဂလန်အသင်း ဖြစ်သည်။ ဤသို့သော အခြေအနေမျိုးကို အိမ်ရှင်ဂျာမနီရော အင်္ဂလန်ပါ ရင်ဆိုင်လိမ့်မည် မထင်ပါ။ ထို့ကြောင့် အုပ်စု(က)မှ အိမ်ရှင် ဂျာမနီနှင့် အုပ်စု(ခ)မှ အင်္ဂလန်တို့သည် အုပ်စု ပထမ၊ မရ၊ ရအောင် ကစားကြရလိမ့်မည်။

အုပ်စု (ဂ)နှင့် အုပ်စု (ဃ)တွင် ပထမ၊ ဒုတိယနေရာများ အပြောင်းအလဲ ဖြစ်ကောင်း ဖြစ်သွားနိုင်သည်။ အုပ်စုနှစ်စုစလုံးတွင် အာဖရိက အသင်းနှစ်သင်း ပါဝင်နေသောကြောင့် ဖြစ်သည်။(ဂ)အုပ်စုတွင် အိုင်ဗရီကို့စ် ပါဝင်ပြီး (ဃ) အုပ်စု၌ အင်ဂိုလာ

ဂမ်ဆိုင်း

အသင်းပါဝင်သည်။ ၎င်း အာဖရိက အသင်းနှစ်သင်းစလုံးသည် အာဖရိကမှ အစဉ်အလာရှိသော အသင်းကြီးများကို ဖြတ်ကျော်ပြီး ခြေစစ်ပွဲအောင်လာသည်။ အိုင်ဗရီကို့စ်က ကင်မရွန်း၊ အီဂျစ်၊ ဆူဒန်အသင်းများကိုနိုင်ပြီး တက်လာသည်။ အင်ဂိုလာကလည်း အိုလံပစ်ချန်ပီယံ နိုင်ဂျီးရီးယား၊ ဇင်ဘာဘွေ၊ အယ်လ်ဂျီးရီးယားတို့ကိုအနိုင်ကစားပြီး တက်လာသော အသင်းဖြစ်သည်။ ထို့ကြောင့် ၎င်း အာဖရိကအသင်းနှစ်သင်းက အုပ်စု(ဂ)နှင့် (ဃ)အနေအထားကို အချိန်မရွေး အပြောင်းအလဲ ဖြစ်သွားစေနိုင်သည်။ ရင်တမမဖြင့် စောင့်ကြည့်ရမည့် အုပ်စုနှစ်ခုဖြစ်သည်။

အုပ်စု (င)တွင် ချက်အသင်းအား အုပ်စုပထမပေးထားသည်။ အီတလီနှင့် အမေရိကန်ကို အုပ်စု ဒုတိယလျာထားသည်။ သို့သော် အမေရိကန်က ချက်နှင့် အီတလီ၏ အခြေအနေများကို အပြောင်းအလဲဖြစ်အောင် လုပ်သွားနိုင်သည်။ အုပ်စုတက်ဖို့ ၅၀ ရာခိုင်နှုန်းစီသာရှိသည်။ ဤအုပ်စုတွင် ဒုတိယနေရာကို ရှောင်လိမ့်မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် အုပ်စု(စ)တွင် ဘရာဇီး အုပ်စုပထမရမည်မှာ သေချာသလောက်ရှိသည်။ ၎င်းအုပ်စုမှ ခရိုအေးရှားနှင့် ဂျပန်သည် ဘရာဇီးကို ကျော်တက်ရန် မည်သို့မျှ မဖြစ်နိုင်ချေ။ ထို့ကြောင့် အုပ်စု (င)မှ ဒုတိယသည် အုပ်စု(စ)မှ ပထမနှင့် ထိပ်တိုက်တွေ့မည်ဖြစ်သည်။ သို့ဖြစ်၍ ဤအုပ်စု၏ ဒုတိယနေရာ ရှောင်ရှားရေး ကြိုးပမ်းချက်သည် စိတ်ဝင်စားစရာကောင်းသည်။

အုပ်စု(ဆ)တွင် ပြင်သစ် အုပ်စုဗိုလ်ဖြစ်အောင် ကစားလိမ့်မည်။ ခြေအမှန်ဖြင့်ကစားလျှင် ဆွစ်ဇာလန်နှင့် တောင်ကိုရီးယားတို့ကို သက်သောင့်သက်သာဖြင့် နိုင်မည်။ သို့မှသာ အုပ်စု(စ)မှ တက်လာမည့် ဒုတိယကို အလွယ်တကူ ကစား၍ရမည်။ အုပ်စု (စ)မှ ဒုတိယလုမည့် အသင်းသုံးသင်းမှာ ယူကရိန်း၊ တူနီးရှား၊ ဆော်ဒီတို့ ဖြစ်သည်။ မည်သည့်အသင်း တက်တက် ပြင်သစ်က အေးအေးဆေးဆေးဖြင့် အနိုင် ကစားနိုင်သည်။ ထို့ကြောင့် ပြင်သစ်အသင်း ကွာတားတက်ရန် သေချာသလောက်ရှိရာ အုပ်စုဗိုလ်ဖြစ်အောင် ကစားလိမ့်မည်။

အကယ်၍ စပိန်ကလည်း အုပ်စု(ဇ)တွင် ပထမရလျှင် အုပ်စု(ဆ)မှ ဒုတိယနှင့်တွေ့မည်။ တောင်ကိုရီးယား ဖြစ်ဖြစ်၊ ဆွစ်ဇာလန်ဖြစ်ဖြစ် နိုင်ဖို့သေချာသည်။ အကယ်၍ တောင်ကိုရီးယားနှင့်တွေ့လျှင် ၂၀၀၂ခုနှစ် ရာဇဝင်ကြွေးကို ဆပ်ရလိမ့်မည်။ ထိုစဉ်က ကွာတားဖိုင်နယ်တွင် စပိန်က ပယ်နယ်တီဖြင့် ရှုံးထားသည်။ ထိုစဉ်က အခွင့်အရေးမျိုးကို တောင်ကိုရီးယားအသင်း ယခုအချိန်ရရန် မလွယ်ဟုထင်သည်။ မည်သို့ပင်ဖြစ်စေ စပိန်သည်လည်း ကွာတားဖိုင်နယ်သို့ တက်ရောက်ရန် သေချာသော အသင်းတစ်သင်းဟု ဆိုနိုင်သည်။

သို့ဖြစ်၍ စာရေးသူ ခန့်မှန်းထားသော အုပ်စုပထမရ အသင်းအများစုသည်ပင် ကွာတားဖိုင်နယ်သို့ တက်ရောက်ကြလိမ့်မည်ဖြစ်သည်။ ကွာတားဖိုင်နယ်၌ အိမ်ရှင် ဂျာမနီသည် အာဂျင်တီးနားနှင့်ကစားရဖွယ်ရှိသည်။ပြင်သစ်နှင့် အီတလီဆုံနိုင်သည်။ ဘရာဇီးက စပိန်နှင့် ကစားရဖွယ်ရှိသည်။ အင်္ဂလန်က ပေါ်တူဂီ သို့မဟုတ် နယ်သာလန်နှင့် ရင်ဆိုင်ရဖွယ်ရှိသည်။

အထက်တစ်နေရာတွင် ဖျက်မြင်းအသင်းများ တက်ရောက်လာနိုင်ခဲ့လျှင် (သို့) အာဖရိက နိုင်ငံများထဲမှ တစ်သင်းသင်း တက်ရောက်လာမည်ဆိုလျှင်လည်း ကွာတားမှ ကျွတ်ထွက်သွားရန် မလွယ်ချေ။ ကွာတားတွင် နိဂုံးချုပ်ဖွယ်ရှိသည်။

မည်သို့ပင်ဖြစ်စေ ဆီမီးဖိုင်နယ်သို့ ဂျာမနီ(သို့) အာဂျင်တီးနား၊ ပြင်သစ် (သို့) အီတလီ၊ ဘရာဇီးနှင့် အင်္ဂလန် အသင်းများ တက်ရောက်သွားနိုင်သည်ဟု သုံးသပ်မိပါသည်။ ။

အာဂျင်တီးနား လက်ရွေးစင်ဘောလုံးအသင်းအား တွေ့ရစဉ်။

၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အထိမ်းအမှတ်သင်္ကေတထုတ်ပြန်မည်

ဂျိုဟန်နက်စဘတ် ဇွန် ၂

၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် တောင်အာဖရိကနိုင်ငံသည် ဂျာမနီနိုင်ငံတွင် ဇူလိုင် ၇ ရက်၌ ကျင်းပမည့် အခမ်းအနားတစ်ရပ်တွင် ၂၀၁၀ ပြည့်နှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် အထိမ်းအမှတ်သင်္ကေတကို တရားဝင်ထုတ်ပြန်ကြေညာမည်ဖြစ်ကြောင်း တောင်အာဖရိက တာဝန်ရှိသူများက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဂျာမနီနိုင်ငံတွင်ကျင်းပမည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲမပြီးဆုံးမီမှာပင် လာမည့် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် အထိမ်းအမှတ်သင်္ကေတ ထုတ်ပြန်ကြေညာခြင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသမိုင်းတွင် ပထမဆုံးအကြိမ်ဖြစ်ကြောင်း တောင်အာဖရိက ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပရေးကော်မတီ၏ အမှုဆောင်အရာရှိချုပ် ဒန်နီဂျော်ဒန်က ပြောကြားသည်။ ***အင်တာနက်။***

နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ဇွန် ၁ရက်က ကျင်းပသော ကမ္ဘာ့ဖလားပွဲအကြို ချစ်ကြည်ရေး ခြေစမ်းပွဲတွင် တောင်ကိုရီးယားအသင်းမှ ဒိုဟွန်ကင်(ဝဲ)နှင့် နော်ဝေအသင်းမှ တိုမီဆဗင်ဒယ်လာဆင်တို့ ဘောလုံးယှဉ်လုကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ချစ်ကြည်ရေး ခြေစမ်းပွဲ ယှဉ်ပြိုင်ကစား နယ်သာလန်အနိုင်ရ၊ မက္ကဆီကိုရှုံး

အိန်းဟိုဗင်(နယ်သာလန်) ဇွန် ၂

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် နယ်သာလန်အသင်းနှင့် မက္ကဆီကိုအသင်းတို့ အိန်းဟိုဗင်တွင် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားရာ နယ်သာလန်အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

မက္ကဆီကို အသင်းသည် ပထမပိုင်းတွင်အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပြီး နယ်သာလန်အသင်းက ဒုတိယပိုင်း စတင်ပြီးနောက် ရှစ်မိနစ် အကြာတွင် ချေပဂိုးသွင်းယူနိုင်ခဲ့သည်။ နယ်သာလန်အသင်းအတွက် ချေပဂိုးသွင်းယူပေးခဲ့သူမှာ ဂျွန်ဟေတင်ဂါဖြစ်သည်။

နယ်သာလန်အသင်းအတွက် အနိုင်ဂိုးကို ချေပဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် လေးမိနစ် အကြာတွင် ရန်းဘာဘဲလ်က သွင်းယူခဲ့သည်။

နယ်သာလန် နည်းပြ မာကိုဗန်ဘက်စ်တင်းသည် ယခုပွဲတွင် အရန်ဘောလုံးသမားများ၏ အနေအထားကို စမ်းသပ်နိုင်ရန် အရန်ဘောလုံးသမားကို ပွဲထုတ်ခဲ့သည်။ နယ်သာလန်အသင်း၏ ဦးစားပေး ဘောလုံးသမားများ ပါဝင်သည့် ချစ်ကြည်ရေး ခြေစမ်းပွဲအဖြစ် ပြီးခဲ့သည့် စနေနေ့က ကင်မရွန်းအသင်းနှင့် ယှဉ်ပြိုင် ကစားခဲ့ရာတွင်လည်း နယ်သာလန်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ***အင်တာနက်။***

မက္ကဆီကို အသင်းမှ ရာဖေးမာကက်ဇ်(ရှေ့)နှင့် နယ်သာလန်အသင်းမှ ရန်းဘာဘဲလ်တို့ ဘောလုံးရရှိရေး အပြိုင်အဆိုင် ကြိုးပမ်းကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တောင်ကိုရီးယားနှင့် နော်ဝေသရေကျ

အော်စလို ဇွန် ၂

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအကြို ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် တောင်ကိုရီးယားအသင်းနှင့် နော်ဝေအသင်းတို့ အော်စလိုမြို့တွင် ကြာသပတေးနေ့က ယှဉ်ပြိုင်ကစားရာ ဂိုးမရှိသရေကျခဲ့ကြသည်။

ယခုကျင်းပခဲ့သည့် ခြေစမ်းပွဲ ရလဒ်ကို မိမိကျေနပ်မိကြောင်း၊ အကြောင်းမှာ အရန်ဘောလုံးသမားများကို ခြေစမ်းသည့်အနေဖြင့် ယှဉ်ပြိုင်ကစားခဲ့သောကြောင့် ဖြစ်ကြောင်း တောင်ကိုရီးယားလက်ရွေးစင်အသင်း၏ ဒတ်ချ်လူမျိုးနည်းပြ ဒစ်အက်ဒမိုကက်ကပြောကြားသည်။ နော်ဝေအသင်းသည် အင်အား တောင့်တင်းသည့် အသင်းတစ်သင်းဖြစ်သည်ကို မိမိယခင်ကပင် သိရှိခဲ့ကြောင်း၊ ယခုပွဲ တွင် မည်သည့်အသင်းကမျှ ဂိုးသွင်းနိုင်ရန် အခွင့်အလမ်းများကို ဖန်တီးနိုင်ခြင် မရှိကြောင်း၊ ချစ်ကြည်ရေးခြေစမ်းပွဲ ရလဒ်ကို မိမိလက်ခံနိုင်ပါကြောင်း အက်ဒမိုကက်က ပြောကြားသည်။

တောင်ကိုရီးယားအသင်းတွင် အရန်ဘောလုံးသမားခုနစ်ဦးအထိ ပါဝင်ကစားစေခဲ့သည်။ နော်ဝေအသင်းသည် ဘောလုံးပိုင်ဆိုင်မှု အများဆုံးရှိခဲ့ပြီး အဝေးမှကန်တင်မှုများကောင်းမွန်သည်ကို တွေ့ရှိရသည်။နော်ဝေအသင်းသည် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အတွက် ခြေစစ်ပွဲ မအောင်မြင်ခဲ့ပေ။

အင်တာနက်။



- အမျိုးသားညီလာခံကို ကျင်းပကာ နိုင်ငံတော်ပုံ့ပိုးမည့် အခြေခံဥပဒေ ရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေးစိတ်အခြေခံမူများကို အမျိုးသားညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဆွေးနွေး အတည်ပြုချက်ချမှတ်ပေးလျက်ရှိသည်။
- အမျိုးသားညီလာခံသတင်းများကို လေ့လာကြည့်သောအခါ အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရကို ပုံဖော်မှန်းမျှော်ကြည့်ရှုရလာပြီ ဖြစ်သည်။
- အနာဂတ်နိုင်ငံတော်တွင် ပေါ်ပေါက်လာမည့် ဥပဒေပြုမှုနှင့်စပ်လျဉ်းသည့် အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ထင်လင်းစွာ ပုံဖော်လာရေးအတွက် စာရေးသူ၏တွေ့ရှိချက်များကို တိုင်းရင်းသားပြည်သူများအား အကိုးအထောက်မှန်ကန်စွာဖြင့် လက်ဆင့်ကမ်းပေးထားသည် —

စိုးမြကျော် ၏

အနာဂတ်နိုင်ငံတော်တည်ဆောက်မှု ပုံသဏ္ဌာန်

ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ

- အနာဂတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဌာန်နှင့် အနှစ်သာရ အခန်း (၁) ခန်းနှင့် အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှု အသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း (၁၃) ပိုင်းပါရှိသည်။
- ရောင်စုံ သရုပ်ဖော်ပုံများနှင့် စာမျက်နှာ (၁၅၀) ရောင်းဈေး ၂၀၀/-

ထွက်ပြီ

- စာပေဗိမာန် စာအုပ်ဆိုင် ၅၂၉-၅၃၁၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့။
  ဖုန်း - ၃၈၁၃၄၄၊ ၂၄၉၀၃၁
- သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းစာအုပ်ဆိုင်၊ ၂၁၂ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
  ဖုန်း - ၂၉၄၃၀၆

ကျူးကျော်တဲမျာ း ဖယ်ရှားရှင်းလင်းပြီး

၈-၄-၂၀၀၆ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ဗိုလ်တထောင်မြို့နယ် (၄)ရပ်ကွက် (၅၄)လမ်းနှင့် (၅၅)လမ်းကြား နောက်ဖေးလမ်းကြားရှိ "ကျူးကျော်တဲများဖယ်ရှားပေးပါ" ပေးစာနှင့်စပ်လျဉ်း၍ ဖယ်ရှား ရှင်းလင်းပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **မြို့တော်စည်ပင်**

ကြေးမုံ The Mirror

ပြည်သူ့ထံမှပေးစာ

မီးသတ်ရေကန်များ ရေဖြည့်ထားစေလို

စာတည်းခင်ဗျား–

ဝက်လက်မြို့ ဈေးအရှေ့ဘက်တွင် လက်ဖက်ရည်ဆိုင် တစ်ဆိုင်သည် မီးသတ်ရေကန်ပေါ်၌ အခိုင်အမာပိတ်ဆို့ပြီးဆိုင်ဖွင့်ရောင်းချနေပါသည်။မြို့ပေါ်ရှိ မီးသတ်ရေကန် ခုနစ်ကန်တွင်လည်း ရေများမရှိပါသဖြင့် အရေးပေါ်သုံးစွဲလိုပါက အခက်အခဲတွေ့နိုင်ပါသည်။

အဆိုပါ လက်ဖက်ရည်ဆိုင်အား စည်းကမ်းနှင့် အညီ ဆောင်ရွက်ပေးပါရန်နှင့် မီးသတ်ရေကန်များ၌ ရေများဖြည့်ပေးပါရန် တင်ပြအပ်ပါသည်။

ဝက်လက်သား

ကျွန်းတောလမ်းမှကျင်းချိုင့်များ ပြုပြင်ပေးသင့်

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းမကြီး(ဟသ်ာတလမ်းထိပ်)ရှိ ကျင်းချိုင့်များ မပြုပြင်သည်မှာ ကြာပြီဖြစ်ပါ၍ ယာဉ်များသွားလာရာတွင် အခက်အခဲတွေ့နေကြရပါသည်။ သို့ပါ၍ ကျင်းချိုင့်များအား အမြန်ဆုံးပြုပြင်ပေးပါရန် တင်ပြအပ်ပါသည်။ **ကျွန်းတောသား**

ပြည်သူ့ထံမှ ပေးစာ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှ ပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ် (၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

အမှိုက်ပုံရှင်းလင်းပေးစေလို

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ မလွှကုန်းဒွေးကြွယ်(က)ရပ်ကွက်၊ သူကြွယ်လမ်းအတွင်း ဒဂုံညွန့်ဈေးအနီးရှိ အမှိုက်ပုံမှာ ဖျက်သိမ်းပြီးဖြစ်သော်လည်း ယခုအချိန်အထိ အမှိုက်များဆက်လက်ပုံနေဆဲ ဖြစ်ပါသည်။**(အောက်ပုံ)** သို့ပါ၍ အဆိုပါ အမှိုက်ပုံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။**မလွှကုန်းသား**

သုံးခွမြို့မှ ဗာဒံပင်ဆိပ်လမ်း ပြုပြင်ပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း၊ သုံးခွမြို့မှ ဗာဒံပင်ဆိပ်ကတ္တရာလမ်းမှာ မြို့မဈေးအနီးတွင် တည်ရှိပါသည်။ အဆိုပါလမ်းမှာ ပြုပြင်မှုမရှိသဖြင့် ချိုင့်များဖြစ်ပေါ်ကာပျက်စီးနေပါသည်။

ယခုအခါမိုးတွင်းကာလသို့ ရောက်လာပြီဖြစ်ပါ၍ အများပြည်သူနေ့စဉ် သွားလာရေးတွင် အခက်အခဲနှင့် ကြုံတွေ့နေရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါလမ်းအားပြုပြင်ပေးပါရန်တင်ပြအပ်ပါသည်။ **သုံးခွသား**

ဗီဒီယိုရုံမှ ဆူညံသံတားဆီးပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း ခရမ်းမြို့ အမှတ်(၁၀) ရပ်ကွက်မှ ဗီဒီယိုရုံတစ်ရုံသည် ညနေ ၆ နာရီခန့်မှ ည ၁၀ နာရီ ကျော်အထိ ညစဉ်အသံချဲ့စက်ဖြင့် ကြော်ငြာခြင်း၊ သီချင်းဖွင့်ခြင်းအပြင် ဗီဒီယိုပြသချိန်၌လည်း လေးဖာလုံခန့်ကပင် ကြားနိုင်သည်အထိ အသံကျယ်လောင်စွာဖွင့်ထားသဖြင့် ပတ်ဝန်းကျင်နေ ပြည်သူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ဗီဒီယိုရုံမှ ဆူညံနေမှုအားတားဆီး ပေးပါရန် တင်ပြအပ်ပါသည်။

ခရမ်းသား

စည်းကမ်းမဲ့ဝက်မွေးမြူမှု ကြပ်မတ်ပေးသင့်

စာတည်းခင်ဗျား–

ရမည်းသင်းမြို့ မြို့မအုပ်စု အုန်းပင်ရပ်ကွက်ရှိ နေအိမ်တစ်အိမ်သည် ဝက်များကို လမ်းဘေးတွင် စည်းကမ်းမဲ့ လွှတ်မွေးထားသည့်အတွက် အညစ်အကြေးနှင့် အနံ့အသက်ဆိုးများကြောင့် အနီးပတ်ဝန်းကျင်တွင် နေထိုင်သူများ ကျန်းမာရေး ထိခိုက်စေပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ စည်းကမ်းမဲ့ ဝက်မွေးမြူနေမှုကို စိစစ်ကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

ရမည်းသင်းသား

ခေတ်ဟောင်းရုပ်ရှင်ကားများ

ပြန်လည်ပြသပေးပါ

စာတည်းခင်ဗျား–

ယခင်က တနင်္ဂနွေနေ့တိုင်း ခေတ်ဟောင်းရုပ်ရှင်များနှင့် ခေတ်လယ်ရုပ်ရှင်ကားဟောင်းများကို မြန်မာ့ရုပ်မြင်သံကြားမှ ပြသပေးခဲ့သဖြင့် ဝါသနာရှင်များ ကြည်နူးချမ်းမြေ့စွာ ကြည့်ရှုကြရပါသည်။

သို့ဖြစ်ပါ၍ မြန်မာ့ရုပ်မြင်သံကြားမှ အဆိုပါ ရုပ်ရှင်ကားဟောင်းများအား ပြန်လည်ပြသပေးပါရန် အကြံပြု တင်ပြအပ်ပါသည်။

ခေတ်ဟောင်းရုပ်ရှင်ကြည့်လိုသူများ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးခန့်အပ်လွှာ ပေးအပ်

နေပြည်တော် ဇွန် ၂

ပြည်ထောင်စုမြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး အဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Chua Hian Kong Robert သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမသို့ သွားရောက်၍ ၎င်း၏ သံအမတ် ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် သံတမန် ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ကျော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chua Hian Kong Robert အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော H.E. Mr. Chua Hian Kong Robert က နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။

(သတင်းစဉ်)

ယနေ့ မိုးလေဝသ

(၃–၆–၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်း ရွာမည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

ကြေးမုံ The Mirror

ဆောင်းပါး အညွှန်း

"ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများကို ဆန့်ကျင်ကြ"ဆိုသည့် ပြည်သူ့ဆန္ဒသည် လက်ရှိ အမှန်တကယ် ပကတိရှိနေသော ပြည်ပသြဇာခံ အဖျက်သမားများကို ဦးတည်ထားခြင်းဖြစ်ပါသည်။ ပြည်တွင်းအားကို အခြေမခံဘဲ ပြည်ပကိုသာ အားကိုးပြီး အာဏာရယူရေးကို တစိုက်မတ်မတ်လုပ်ဆောင်နေသော၊ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် ထုံးကို နှလုံးမူစွဲပိုက်ကာ အဖျက်အမှောင့်လုပ်ရပ်များကိုသာ အစဉ်အမြဲ ကြံဆတွေးတော လုပ်ကိုင်နေသည့် နိုင်ငံရေးပါတီများကို သတိပေးထားခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်ပါသည်။

ထွန်းဟာန်ဆွေ၏ **"အပြုနှင့်အဖျက်၊ တည်ဆောက်ခြင်းနှင့် ပိတ်ဆို့ဟန့်တားနှောင့်ယှက်ခြင်း"**

(ဆောင်းပါး) စာမျက်နှာ–၃